# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်　၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ စနေနေ့　အတွဲ (၆၁)၊ အမှတ်(၀၃၇)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်အဆင့် အနှစ်သာရရှိသည့် လွတ်လပ်ရေးနေ့အခမ်းအနားဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာဖြင့် အဆင့်ရှိစွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီများအလိုက် စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၅

၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊

*စာမျက်နှာ ၃ ကော်လံ ၁*

ယနေ့ ဖတ်စရာ

နိုင်ငံတော်ရဲ့အနာဂတ် ရှေ့လုပ်ရမယ့် လုပ်ငန်းစဉ်တွေမှာ မရှိမဖြစ်လိုအပ်တဲ့ ဒီနိုင်ငံသားစိစစ်ရေးကတ်ပြားကို "ပန်းခင်း" ဆိုတဲ့ စီမံချက်နဲ့ လုပ်ပေးနေတာ ဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း စာ - ၆

ကရင်ပြည်နယ်ခရီးစဉ်ဒေသ (လူထုအခြေပြုခရီးသွားလုပ်ငန်းများ)

ဆောင်းပါး စာ - ၁၆

ပုသိမ်မြို့ ရေပေးရေးစီမံကိန်းမှ နိုဝင်ဘာလကုန်တွင် ရေစတင်ပေးဝေမည်

ပြည်တွင်းသတင်း စာ - ၂၀



မြန်မာ့အလင်း

# ဖွံ့ဖြိုးတိုးတက်မှုဆောင်ကြဉ်းပေးမည့် နည်းပညာ အတတ်ပညာ ဖြန့်ဝေမှုများ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာအခမဲ့သင်တန်းများ မကြာမီဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တစ်ချိန်က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြောင်းလဲလာခဲ့သော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများအား မှတ်ပုံတင်ခွင့်ပြုပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း၊ စက်မှုထုတ်ကုန်သမဝါယမအသင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအား နည်းပညာပေးခြင်း၊ ရက်ကန်းကျောင်းများနှင့် ယွန်းပညာကောလိပ်တို့ကို ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်နေသည့်ဌာနတစ်ခု ဖြစ်သည်။

အခမဲ့သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းသည် ကိုဗစ်-၁၉ အလွန်ကာလ အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးဖြစ်ထွန်းမှုအပေါ် အထောက်အကူဖြစ်စေရေး၊ ပြည်ပသွင်းကုန်အစားထိုးရေး၊ အိမ်တွင်းတစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေတိုးရေး၊ မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာရေးတို့ကို ရည်ရွယ်ခြင်းဖြစ်ရာ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိကြပြီး နည်းပညာများ သင်ကြားရယူကာ တစ်ဦးချင်း အသက်မွေးဝမ်းကျောင်းပြုခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် ကောင်းသော ရည်ရွယ်ချက်များအတိုင်း အောင်မြင်နိုင်မည်ဖြစ်သည်။

သင်ကြားပေးမည့် သင်တန်းများတွင် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ ယွန်းလက်မှုထည် နည်းပညာသင်တန်းများ၊ ရက်ကန်းဆိုင်ရာ နည်းပညာသင်တန်းများ၊ သစ်ဝါးအခြေခံလက်မှုထည် ထုတ်လုပ်သည့်နည်းပညာသင်တန်းများ၊ သံပန်းသံတံခါး ထုတ်လုပ်သည့် နည်းပညာသင်တန်း၊ စက်များ ပြုပြင်ထိန်းသိမ်းသည့် နည်းပညာသင်တန်း၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းသည့် နည်းပညာသင်တန်းတို့ပါဝင်ပြီး နည်းပညာသင်တန်းများ၏ အောက်တွင် နောက်ထပ်ခေါင်းစဉ်ကွဲများနှင့် သင်တန်းများပါရှိသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများဟုဆိုရာတွင် မုန့်အမျိုးမျိုး ထုတ်လုပ်မှု၊ အဖျော်ယမကာ၊ ရေခဲမုန့်နှင့် အအေးအမျိုးမျိုး ထုတ်လုပ်မှု၊ သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုး၊ သီးနှံခြောက်တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု၊ ဟင်းအရန်အမျိုးမျိုး ထုတ်လုပ်မှုဟူသော နည်းပညာသင်တန်းများ ပါရှိနေခြင်း ဖြစ်သည်။

သင်တန်းများ၏ ရည်ရွယ်ချက်တွင် အသေးစားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းတစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်စေရန်ပါရှိရာ လက်တွေ့တတ်မြောက်ပြီး လုပ်ငန်းစတင်လုပ်ကိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းစတင်လိုသူများ အရင်းအနှီးရရှိစေရန် သမဝါယမစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းမှတ်ပုံတင်ပေးခြင်းတို့ကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် လုပ်ငန်းလုပ်လိုသူများက နည်းပညာများကိုလည်းသင်ယူ၊ လုပ်ငန်းအောင်မြင်ရန်လည်း ကြိုးပမ်းထူထောင်သွားကြရမည်ဖြစ်သည်။

သင်တန်းကြေးအခမဲ့ဖြစ်သည့် ရက်တိုနည်းပညာသင်တန်းများမှာ နိုင်ငံတော်က ကောင်းသောရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သည့် အစီအစဉ်များဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဒေသအသီးသီးတွင် ထူထောင်ပေါ်ပေါက်လာခြင်းအားဖြင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။ အတတ်ပညာ၊ နည်းပညာများ သင်ကြားတတ်မြောက်ခြင်းသည် မင်္ဂလာတရားနှင့်အညီဖြစ်ပြီး အောင်မြင်ကြီးပွားတိုးတက်ရေးအတွက် အဓိကကျသော လိုအပ်ချက်ဖြစ်သည့်အလျောက် တတ်ရောက်ပညာရယူနိုင်ကြရေး လူငယ်လူရွယ်များအား တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် နိုဝင်ဘာ ၅ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Generator သုံးခု၊ Face Mask ၁၆၃၁၀၀ နှင့် ဆေးဝါးမျိုးစုံ ၂၀ (၇၂၉၅၉ ဒသမ ၉၅) Kg၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Sodium Chloride Injection ၂၅၃၅၀၀၊ Glucose Injection ၉၇၄၇၀၊ Paracetamol Tablet ၁၃၄၇၀၊ Ibmol Tablet ၈၇၂၀၀၊ Cimeticline Injection ၁၀၉၆၀၀၊ Vitamin C Tablet ၉၄၄၀၊ PPE ၆၃၆၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း(ယာပုံ) နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်နှစ်စီးဖြင့် အောက်ဆီဂျင် (ဓာတ်ငွေ့) Bowser တစ်စီးဖြင့် ငါးတန်၊ လုပ်ငန်းသုံး Oxygen Generator သုံးခုနှင့် နှာခေါင်းစည်း (Mask) ခုနစ်တန်တို့ကို တင်သွင်းခဲ့ပြီး Oxygen Bowser ယာဉ်တစ်စီးမှာ မြဝတီ ကုန်သွယ်ရေးဇုန်မှ မော်လမြိုင်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်း ပျောက်နိုင်သည်” ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

* *ရှေ့ဖုံးမှ*

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိ ဖိတ်ကြားထားသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော် အလံအလေးပြုပွဲ စစ်ရေးပြ ဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ် ကော်မတီ၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီများမှ ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး
ဦးဝဏ္ဏမောင်လွင်



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်



ပြည်ထောင်စုဝန်ကြီး
ဦးမောင်မောင်အုန်း



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ သက်ခိုင်ဝင်း

ဆွေးနွေးတင်ပြမှုများအပေါ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌက (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားအား အနှစ်သာရရှိစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ရန်၊ ကိုဗစ် - ၁၉ စည်းကမ်းချက် များနှင့်အညီ ကျင်းပနိုင်ရေး ဆောင်ရွက်ရန်၊ ညှော်ခံကျွေးမွေးမှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပွဲများနှင့် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပပြုလုပ်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်၍ရသည့် အားကစားပြိုင်ပွဲများကိုသာ ကျင်းပပြုလုပ်ရန်နှင့်အခြား လိုအပ်သည်များအား ဖြည့်စွက်မှာကြားသည်။

ထို့နောက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော် အဆင့်အနှစ်သာရရှိသည့် လွတ်လပ်ရေးနေ့ အခမ်းအနားဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာဖြင့် အဆင့်ရှိစွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီများအလိုက် စနစ်တကျ ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြရန် လိုကြောင်း၊ အခမ်းအနားများအားလုံးအား လုံခြုံရေးအရ စနစ်တကျဖြစ်စေရေး တာဝန်ရှိသူများအနေဖြင့် သတိရှိစွာဖြင့် စနစ်တကျစီမံဆောင်ရွက်သွားကြရန်လို ကြောင်း မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဦးမင်းသိန်းဇံ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ
ဒေါက်တာမောင်မောင်နိုင်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်(၅၅)နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်း ရှိပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၇၂ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၉၆၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်၁၃မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၇၃၆၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၃၄၁၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၄၃၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၆၅၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၅၄၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ဒေသခံပြည်သူ ၄၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၆၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၉၄ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၈၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၀၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၂၅၀၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် မြေပုံမြို့တို့၌ ကျောင်းသား ကျောင်းသူ ၁၂၄၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၉၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်တွင်း ပြည်ပ ပညာရှင်များ၏ စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများ၊ နည်းပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များကို လက်လှမ်းတမီ လွယ်ကူစွာလေ့လာနိုင်ရေး တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရန်လို

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်သည် အဓိကအခန်းကဏ္ဍက ပါဝင်နေပါကြောင်း၊ ဘွဲ့ကြို ဘွဲ့လွန်နှင့် ပါရဂူသင်တန်းများအနေဖြင့် ပုံမှန်သင်ကြား သင်ယူမှုလုပ်ငန်းများအပြင် နိုင်ငံတကာ၏ နောက်ဆုံးပေါ် နည်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရေးသည် ခေတ်မီစာကြည့်တိုက်များအပေါ် များစွာတည်မှီနေပါကြောင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများ၊ နည်းပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များကို လက်လှမ်းတမီ လွယ်ကူစွာ လေ့လာနိုင်ရေးအတွက် တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း ယနေ့တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၏ စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တာဝန်ရှိသူများကို ဆွေးနွေးပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်၊ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ဗဟိုဌာန (ACARE) စာကြည့်တိုက်နှင့် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဆေးတက္ကသိုလ် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်စာကြည့်တိုက်များတွင် ရှိနေသည့် ရှားပါး စာအုပ်များကို ဒစ်ဂျစ်တယ်စနစ်အဖြစ် ပြောင်းလဲ သိမ်းဆည်းနိုင်ရေး၊ သုတေသန စာတမ်းများ၊ ပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များနှင့် နည်းပညာရပ်ဆိုင်ရာ လေ့လာဖွယ်ရာများကို ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်ရေးအတွက် တက္ကသိုလ်စာကြည့်တိုက်များ အချင်းချင်းအကြား နက်ဝပ်ချိတ်ဆက်ဆောင်ရွက်ရေးနှင့် နိုင်ငံတကာ စာကြည့်တိုက်များနှင့် ချိတ်ဆက်နိုင်ရေး တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ကျောင်းဧရိယာအတွင်း အင်တာနက် ကွန်ရက်အခမဲ့အသုံးပြုနိုင်ရေးနှင့်



စာကြည့်တိုက်များသို့ လွယ်ကူစွာဝင်ရောက်နိုင်ရေး၊ သက်ဆိုင်ရာဒေသများတွင် လုပ်ငန်းခွင် လက်တွေ့သင်တန်းဝင်နေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်များသို့ အင်တာနက်ကွန်ရက်မှ ဝင်ရောက်အသုံးပြုနိုင်သကဲ့သို့ ဆက်သွယ်မှု ဧရိယာပြင်ပ အခြေအနေများတွင် လေ့လာနိုင်ရန်ဒေတာများ အလွယ်တကူရယူသိမ်းဆည်းနိုင်သည့်စနစ်များ ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပုဗ္ဗသီရိ အမှိုက်ကျင်း(၁)တွင် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိသော ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက် မီးရှို့စက်တပ်ဆင်ပြီးစီးမှုနှင့် အမှိုက်စွန့်ပစ်မှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် နေပြည်တော်-တပ်ကုန်းအမှတ် (၂)ကားလမ်းဘေး ဖိုးဇော်တောင် သစ်တောကြိုးဝိုင်းအတွင်းရှိ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ပုဗ္ဗသီရိ အမှိုက်ကျင်း (၁) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**



ရှေးဦးစွာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နေပြည်တော်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိသော ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များကို မီးရှို့ဖျက်ဆီးသည့်စနစ် ဆောင်ရွက်ရန်အတွက် ပုဗ္ဗသီရိအမှိုက်ကျင်း(၁)တွင် ဆောင်ရွက်နေသော INCINER8 M-250 Medical Incinerator with Autoloader မီးရှို့စက်အမျိုးအစား တည်ဆောက်တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက စက်လည်ပတ် အသုံးပြုမှုစနစ်နှင့် နေ့စဉ်စွန့်ပစ်အမှိုက် မီးရှို့ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယ မြို့တော်ဝန်က အဆိုပါ စက်အား ရေရှည်တည်တံ့စွာ စနစ်တကျကိုင်တွယ် အသုံးပြုရန် မှာကြားကာ ပုဗ္ဗသီရိအမှိုက်ကျင်း(၁)တွင် မြေသား ဖုံးအုပ်စနစ်ဖြင့် အမှိုက်စွန့်ပစ်ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

အဆိုပါ ပုဗ္ဗသီရိ အမှိုက်ကျင်း(၁)တွင် နေပြည်တော်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်နှင့် ဈေး ၂၂ဈေးတို့မှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၄၀ခန့် စွန့်ပစ်လျက်ရှိပြီး စွန့်ပစ်အမှိုက်များအား အလွှာလိုက် နေ့စဉ်မြေသားဖုံးအုပ်စနစ်ဖြင့် ယန္တရားများအသုံးပြုကာ စနစ်တကျဆောင်ရွက်လျက်ရှိသည်။ အမှိုက်ကျင်းမှထွက်ရှိသည့် ရေဆိုးများကို စနစ်တကျ ပြုပြင်စွန့်ထုတ်လျက်ရှိကာ ၎င်းရေများသည် ရေဆိုးများစီးဆင်းသည့် လမ်းကြောင်းတစ်လျှောက် ရေလှောင်ကန်များ အဆင့်ဆင့်တူးဖော်ထားပြီး ရေကိုသဘာဝနည်းဖြင့် သန့်စင်ကာ လူနှင့် သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်မရှိစေရေး စီမံဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိနှင့် ဘေးအန္တရာယ်ရှိ/မရှိကို တစ်နှစ်လျှင်(၂)ကြိမ် ဓာတ်ခွဲစမ်းသပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ (၁၀)ရက်အတွင်း ကျရောက်သော အမျိုးသမီး များအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ဖို့ ယခုပင် ဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာ ရေးသားမှုပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည် ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံး အရွယ်အစား - ၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ် လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့် စာမူများသည် မိမိကိုယ်တိုင်ဖန်တီး ရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့်ဌာန အနေဖြင့် အများပြည်သူ အကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကိုပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု နှစ်ဆု စုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ (ဆုငွေအားထိုက်တန်စွာချီးမြှင့်မည်ဖြစ်ပါသည်။)

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft -copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံး အမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ် ၊ ၀၆၇-၄၀၄၂၅၀၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswwdd2021@gmail.com သို့ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ ညနေ ၄နာရီ နောက်ဆုံး ထား၍ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့်မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

ဆုရရှိသူများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၅ရက်နေ့တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ IMF ၏ RCF/ RFI ချေးငွေများနဲ့ ပတ်သက်၍ ရှင်းလင်းချက်

**အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ IMF ၏ RCF/RFI ချေးငွေများနှင့် ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုကဲ့သို့ ဖြေကြားခဲ့ပါသည်-**

မေး ။ ။ သတင်းမီဒီယာတွေမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF အနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဒေါ်လာသန်း ၃၇၂ သန်းဟာ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထဲမှာ ပျောက်ဆုံးနေတယ်လို့ ဖော်ပြနေကြပါတယ်။ ဒီသတင်းတွေနဲ့ ပတ်သက်ပြီး ပြန်လည်ရှင်းလင်းပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ ပထမဆုံးပြောလိုတာကတော့ သတင်းမီဒီယာတွေရဲ့ဖော်ပြချက်၊ IMF တွေရဲ့ ပြောကြားချက်တွေကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါတွေဟာ စိစစ်မှုမရှိဘဲနဲ့ လိုရာဆွဲပြီး ပြောကြားနေတဲ့ဟာတွေလို့ပဲ ပြောချင်ပါတယ်။ ဒီဟာတွေဟာ သူတို့ရေးသားတဲ့အထဲမှာ ဘာတွေ့ရလဲဆိုတော့ ဒီဟာသည် မြန်မာနိုင်ငံကို အထောက်အပံ့ပေးလိုက်တဲ့အရာကို ရေးသားနေတာတွေ့တယ်။ ပထမဦးဆုံးပြောကြားလိုတာက ချေးငွေ ပြန်ဆပ်ရမယ့် ငွေတွေပဲဖြစ်ပါတယ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း IMF ၏ RCF/ RFI ချေးငွေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

**အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ကနေပြီး မြန်မာနိုင်ငံကို ကိုဗစ်-၁၉ ကာလနဲ့ ဆက်စပ်ပြီးတော့ RCF/RFI ချေးငွေပေါ့။ Rapid Credit Facility (RCF) ရယ်၊ Rapid Financing Instrument (RFI) ရယ်။ အဲ့ဒီချေးငွေတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ရဲ့ ငွေကြေးသုံးစွဲရမယ့် ကိစ္စတွေနဲ့ စပ်လျဉ်းပြီး နားလည်မှု သဘောတူညီချက်တွေ လက်မှတ်ရေးထိုးရယူခဲ့တာ ဖြစ်ပါတယ်**

### လက်မှတ်ရေးထိုးရယူခဲ့

ဒီဟာနဲ့ပတ်သက်ပြီး သမိုင်းကြောင်းကတော့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ကနေပြီး မြန်မာနိုင်ငံကို ကိုဗစ်-၁၉ ကာလနဲ့ ဆက်စပ်ပြီးတော့ RCF/RFI ချေးငွေပေါ့။ Rapid Credit Facility (RCF) ရယ်၊ Rapid Financing Instrument (RFI) ရယ်။ အဲ့ဒီချေးငွေတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ရဲ့ ငွေကြေးသုံးစွဲရမယ့် ကိစ္စတွေနဲ့ စပ်လျဉ်းပြီး နားလည်မှု သဘောတူညီချက်တွေ လက်မှတ်ရေးထိုးရယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ **နှစ်ကြိမ်**ရှိပါတယ်။ နှစ်ကြိမ်ရှိတဲ့အခါမှာ အစိုးရအနေနဲ့ကတော့ သူ့ရဲ့ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ပါတယ်။

**ပထမ**တစ်ကြိမ်ကတော့ **အမေရိကန်ဒေါ်လာ ၃၅၆ သန်း** ကို **၁-၇-၂၀၂၀** ရက်နေ့မှာ ဗဟိုဘဏ်မှာရှိတဲ့ အမေရိကန်ဒေါ်လာစာရင်းမှာ လက်ခံခဲ့ပြီး ရရှိတဲ့အမေရိကန်ဒေါ်လာနဲ့ ညီမျှတဲ့ ကျပ် **၄၉၀ ဘီလီယံ**ကို **၂-၇-၂၀၂၀** ရက်နေ့မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ နိုင်ငံတော်စာရင်းကို ပေးသွင်းခဲ့ပါတယ်။ အခုပြောနေတဲ့ **ဒုတိယ**အကြိမ်ပေါ့၊ **အမေရိကန် ဒေါ်လာ ၃၇၂ ဒသမ ၃၉၁ သန်း**ကိုတော့ ၂၈-၁-၂၀၂၁ ရက်နေ့မှာ ဗဟိုဘဏ်ရဲ့ အမေရိကန် ဒေါ်လာစာရင်းမှာ လက်ခံပြီးတော့ အမေရိကန် ဒေါ်လာနဲ့ ညီမျှတဲ့ **ကျပ် ၄၉၅ ဒသမ၅၀ ဘီလီယံ**ကို **၂၉-၁-၂၀၂၁** ရက်နေ့မှာပဲ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ **နိုင်ငံတော်စာရင်း**ကို ထည့်သွင်းထားပါတယ်။ အဲဒီချေးငွေတွေပေါ့နော်။

ခုနကပြောတဲ့ **RCF** ချေးငွေတွေက **ဆိုင်းငံ့ကာလ ငါးနှစ်** ခွင့်ပြုပြီးတော့ **ချေးငွေသက်တမ်းက ၁၀ နှစ်**ဖြစ်ပါတယ်။ **RFI** ချေးငွေကတော့ **ဆိုင်းငံ့ကာလ သုံးနှစ်**ကျော်ဖြစ်ပြီးတော့ **ချေးငွေသက်တမ်းက ငါးနှစ်** ဖြစ်ပါတယ်။ ကျွန်တော်ပြောလိုတာ ပြန်လည်ပေးဆပ်ရမယ့် ချေးငွေတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ အကြားမှာ နားလည်သဘောတူညီချက်တွေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချေးငွေထုတ်ယူခြင်းအပိုင်းကိုသာ ဆောင်ရွက်ပြီးတော့ ချေးငွေသုံးစွဲမှုများနဲ့ စပ်လျဉ်းပြီး စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်ပါတယ်။

စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနက ခုနကပြောတဲ့ RFI ချေးငွေဆိုင်ရာ အသုံးစရိတ်တွေနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စာရင်းစစ်ဆေးပြီးစီးမှု အစီရင်ခံစာကို အများပြည်သူသိရှိနိုင်ဖို့အတွက် စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာန Website ဖြစ်တဲ့ www.mopf.gov.mm မှာ ထုတ်ပြန်ထားပါတယ်။ အဲဒီ website မှာ ဝင်ကြည့်လို့ရပါတယ်။ အဲ့ website မှာ IMF ရဲ့ ခုနကပြောတဲ့ ချေးငွေနဲ့ပတ်သက်ပြီး ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးနဲ့ COVID-19 Economic Relief Plan (CERP) အတွက် **ကျပ်သန်း ၁၀၀ နှင့်အထက် ဝယ်ယူရေးဆိုင်ရာ သတင်းအချက်အလက်တွေကို (၄)ကြိမ်၊ ကိုဗစ်-၁၉ နဲ့ဆက်စပ်တဲ့ အသုံးစရိတ်တွေကို (၃)ကြိမ်နဲ့ အစိုးရဌာန၊ အဖွဲ့အစည်းများရဲ့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး၊ ကုစားရေးတို့နဲ့ဆက်စပ်တဲ့အသုံးစရိတ်တွေကို အသုံးစရိတ်တွေ၊ လုပ်ငန်းစဉ်များနဲ့စပ်လျဉ်းတဲ့စစ်ဆေးတွေ့ရှိချက်တွေကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ စတုတ္ထအကြိမ်ထုတ်ပြန်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။**

**ဒီလအတွင်းမှာ သူတို့အသေးစိတ်အနေနဲ့ ထပ်မံထုတ်ပြန်ပါလိမ့်မယ်။** ပြီးရင် ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီးတော့ နေ့စဉ်အလှူခံရရှိမှုတွေ၊ စာရင်းဖွင့်လက်ကျန်တွေ၊ ဒါတွေကိုလည်း အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိတယ်။ နောက်ဆုံး အခြေအနေဆိုရင် ၂၅-၁၀-၂၀၂၁ ရက်နေ့ကနေ ၂၉-၁၀-၂၀၂၁ ရက်နေ့ အထိ စာရင်းဖွင့်လက်ကျန်တွေ၊ ရရှိငွေတွေ၊ စာရင်းပိတ်လက်ကျန်တွေ၊ ပြီးရင် ကျွန်တော်တို့ ဆေးဝယ်ယူမှုစရိတ်တွေကို တင်ထားပြီးဖြစ်ပါတယ်။ ခုနက website မှာ သွားရောက်ကြည့်ရှုလို့ရပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူမှုနဲ့ပတ်သက်ပြီးလည်း အဲ့ထဲမှာ အသေးစိတ်စာရင်းများရှိပါတယ်။

နောက်ဆုံးစာရင်းအနေနဲ့ကတော့ ၂၉-၁၀-၂၀၂၁ ရက်အနေ့အထိ ထုတ်ပြန်ခဲ့တဲ့ အထဲမှာ ၂၇-၁၀-၂၀၂၁ ရက်နေ့မှာ တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီနောက်ဆုံးအရစ် ပေးချေငွေဆိုပြီးတော့ ကျွန်တော်တို့ ချေထားတဲ့ ငွေကြေးပမာဏလည်း အဲဒီမှာပါဝင်ပါတယ်။ ကျွန်တော့်အနေနဲ့ပြောလိုတာကတော့ အစိုးရတစ်ရပ်အနေနဲ့ကတော့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါတွေနဲ့ပတ်သက်ပြီး ဒီဟာတွေကို မလေ့လာဘဲနဲ့ ထုတ်ပြန်တာတွေ၊ သိရှိလျက်သားနဲ့ မသိကျိုးကျွံပြုပြီး ထုတ်ပြန်တာတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းခြင်း မရှိဘဲနဲ့ ထုတ်ပြန်တာတွေဟာ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ တမင်သက်သက် အနှောင့်အယှက်ဖြစ်အောင်၊ နိုင်ငံတကာအနေနဲ့ တမင်သက်သက် အထင်လွဲအောင် လုပ်ဆောင်နေခြင်းလို့ပဲမြင်ပါတယ်။

### ရန်ပုံငွေ အကြိမ်ကြိမ်ထည့်ဝင်ခဲ့

ကျွန်တော်တို့ အစိုးရအနေနဲ့ လုပ်ဆောင်ခဲ့တာတွေနဲ့၊ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး လုပ်ဆောင်ခဲ့တဲ့တာတွေ ပြောပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ကတော့ နိုင်ငံတော်ရဲ့ တာဝန်ကိုရယူ ထိန်းသိမ်းခြင်း မပြုမီကတည်းက ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်မှာ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့တယ်။ ပြီးရင် ကျွန်တော်တို့ တပ်မတော်သားတွေအနေနဲ့ တပ်မတော်သား တစ်ဦးချင်းအနေနဲ့ရော၊ တပ်မတော်အရာရှိကြီးတွေအနေနဲ့ရော နိုင်ငံတော်ကထူထောင်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ် ကုသရေး ရန်ပုံငွေမှာ အကြိမ်ကြိမ်ထည့်ဝင်ခဲ့ပါတယ်။ သူတို့လစာငွေထဲကနေ အကြိမ်ကြိမ်ထည့်ဝင်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ပြောလိုတာက ပြည်သူလူထုပဲဖြစ်ဖြစ်၊ သတင်းမီဒီယာများပဲဖြစ်ဖြစ် ဒီသတင်းတွေနဲ့ ပတ်သက်လာရင် အသေးစိတ်သတင်းများနဲ့ ပတ်သက်လာရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ website တွေမှာ သွားရောက်လေ့လာနိုင်ပါတယ်။ ကြည့်ရှုနိုင်ပါတယ်။ သွားရောက်ကြည့်ရှုပြီး လေ့လာပြီးမှ လုပ်ဆောင်တာက ပိုပြီးတော့ အကျိုးဖြစ်ထွန်းစေမယ်လို့ ပြောချင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ဇူလိုင်လအတွင်းက ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ ၄၀ ရာခိုင်နှုန်းကျော် အထိ တွေ့ရှိခဲ့ပါတယ်။ အခု တာဝန်ရှိသူများလည်း ပြောပြီးဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ ၄ ရာခိုင်နှုန်းအောက် ရောက်ရှိပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့လုပ်ဆောင်ချက်တွေ၊ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေဟာ ဘယ်လောက်ထိထိရောက်ကြောင်းကို လက်တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုအနေနဲ့လည်း အစိုးရရဲ့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ ယခင်ကလိုပဲ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၃၉ ဦး စုစုပေါင်း ၆၁ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး၊စုစုပေါင်း၁၁ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၄၉ ဦး၊ အမျိုးသမီး ၂၄၇ ဦး စုစုပေါင်း ၄၉၆ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီးတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်ရဲ့အနာဂတ် ရှေ့လုပ်ရမယ့် လုပ်ငန်းစဉ်တွေမှာ မရှိမဖြစ်လိုအပ်တဲ့ ဒီနိုင်ငံသား စိစစ်ရေးကတ်ပြားကို "ပန်းခင်း" ဆိုတဲ့ စီမံချက်နဲ့ လုပ်ပေးနေတာ ဖြစ်ပါတယ်

သတင်းအဖွဲ့

လူမှုဘဝဆောင်ရွက်ချက်တိုင်းတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်နိုင်ရေးသည် နိုင်ငံသားတစ်ဦးချင်းစီအတွက် အရေးကြီးသကဲ့သို့ နိုင်ငံတော်အတွက်လည်း အရေးကြီးပါသည်။ ယခု နိုင်ငံတော်စီမံချက်တစ်ခုအဖြစ် ဆောင်ရွက်နေသော "ပန်းခင်း" စီမံချက်သည် နိုင်ငံသားတစ်ဦးဖြစ်ကြောင်း ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထားတစ်ခု ရရှိကိုင်ဆောင်နိုင်မည့် အခွင့်အရေးလည်းဖြစ်ပါသည်။ ထို့ကြောင့် "ပန်းခင်း" စီမံချက်နှင့် ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးအား တွေ့ဆုံမေးမြန်းထားပါသည် -

**မေး ။ ဘာကြောင့် "ပန်းခင်း" စီမံချက်လို့ အမည်ပေးထားသလဲဆိုတာကို သိပါရစေ။**

ဖြေ ။ "ပန်းခင်း" စီမံချက်ဆိုတာက ကျွန်တော်တို့ဝန်ကြီးဌာနက ရွေးချယ်ထားတဲ့၊ အများသဘောတူတဲ့ အမည်နာမတစ်ခု ဖြစ်ပါတယ်။ "ပန်းခင်း" စီမံချက်ဖြစ်ပေါ်လာဖို့အတွက် ကျွန်တော်တို့ အဆင့်ဆင့်ဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ "ပန်းခင်း" စီမံချက်ဆိုတာကတော့ အခုနိုင်ငံသားတွေ ရသင့်ရထိုက်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို အရှိန်အဟုန်နဲ့ ထုတ်ပေးနေတဲ့ စီမံချက်ဖြစ်ပါတယ်။

အကျုံးဝင်တဲ့သူတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဖို့ဆိုတာလည်း ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဒီ "ပန်းခင်း" စီမံချက် ဘယ်လိုစတင်ဖြစ်ပေါ်လာသလဲဆိုရင် ကျွန်တော်တို့ ၂၀၁၁၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စုဝန်ကြီး၊ ယခင် ပြည်ထောင်စုဝန်ကြီး လက်ထက်ကာလမှာ "မိုးပွင့်" ဆိုတဲ့ စီမံချက်နဲ့ စတင်ဆောင်ရွက်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီ"မိုးပွင့်"ဆိုတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးတဲ့ စီမံချက်ရဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေ နိုင်ငံသားအခွင့်အရေး အပြည့်အဝရဖို့နဲ့ အနာဂတ်ဘဝ ဖြောင့်ဖြူးသာယာစေဖို့အတွက် မိုးစက် မိုးပွင့်တွေကြောင့် လူတွေစိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ အေးမြစေဖို့ ရည်ရွယ်ပြီးတော့ "မိုးပွင့်" ဆိုတဲ့ စီမံချက်ကို စတင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ မိုးပွင့်စီမံချက် (၇) ကြိမ်၊ အထူးစီမံချက် (၁) ကြိမ်ဆိုပြီး စုစုပေါင်း စီမံချက်ကြီး (၈) ကြိမ်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၈ ဒသမ ၄ သန်းကို ကျွန်တော်တို့ ထုတ်ပေးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီစီမံချက်ကာလရဲ့နောက်ပိုင်း ကျွန်တော်တို့ဝန်ကြီးဌာနကို လက်ဆင့်ကမ်း တာဝန်ယူခဲ့တဲ့ ဝန်ကြီးဌာနအကြီးအကဲတွေကလည်း ဒီစီမံချက်က ဆက်လုပ်သင့်တဲ့ စီမံချက်လို့ ယုံကြည်ယူဆတဲ့အတွက်ကြောင့် သစ္စာတရားကို အခြေခံထားတဲ့ "သစ္စာ" စီမံချက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ဆက်ထုတ်ပေးခဲ့ပါတယ်။ ၂၀၁၆ ကနေ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၆ ဒသမ ၂ သန်းကို "သစ္စာ" စီမံချက်နဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။

အခု "ပန်းခင်း" စီမံချက်ကာလကို ရောက်ရှိလာတဲ့အခါမှာ နိုင်ငံတော်ရဲ့ လိုအပ်ချက်ဖြစ်တယ်၊ နိုင်ငံတော်ကလည်း မူဝါဒတွေချမှတ်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနကို တာဝန်ပေးတယ်၊ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းတာဝန်လည်း ဖြစ်တဲ့အတွက် နိုင်ငံသားတွေ နိုင်ငံသားတစ်ယောက်အဖြစ် အခိုင်အမာ အသိအမှတ်ပြုနိုင်ဖို့နဲ့ နိုင်ငံတော်ရဲ့အနာဂတ် ရှေ့လုပ်ရမယ့် လုပ်ငန်းစဉ်တွေမှာ မရှိမဖြစ် လိုအပ်တဲ့ ဒီနိုင်ငံသားစိစစ်ရေးကတ်ပြားကို "ပန်းခင်း" ဆိုတဲ့ စီမံချက်နဲ့ လုပ်ပေးနေတာ ဖြစ်ပါတယ်။ လူတွေအေးမြစေဖို့အတွက် "မိုးပွင့်" နဲ့ စခဲ့တယ်၊ "သစ္စာ" တရားနဲ့ ရှင်သန်ခဲ့ပြီးတော့ ရရှိလာခဲ့တဲ့ အကျိုးကျေးဇူးတွေ၊ အဖူးအပွင့်တွေ၊ အတွေ့အကြုံတွေနဲ့ အခုနိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာပြီး ပြည်သူတွေ စိတ်ချမ်းသာစွာနဲ့ ဖူးပွင့်ဝေဆာနေတဲ့ ပန်းခင်းကြီးတစ်ခု ဖန်တီးပေးထားတယ်ဆိုတဲ့ သဘောမျိုးနဲ့ ဒီနိမိတ်ဘောင်ကို ယူပြီးတော့ "ပန်းခင်း" ဆိုတဲ့ အမည်နာမနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်ခင်ဗျ။

> ❖ ပထမတစ်မျိုးကတော့ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်တယ်။ အိမ်ထောင်စုစာရင်းရှိတယ်။ မှတ်ပုံတင်မရှိတဲ့လူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့က မြို့နယ်ရုံးတွေမှာရှိတဲ့ ရုံးလက်ခံထဲကနေပြီးတော့ အိမ်ထောင်စုစာရင်းတွေမှာပါတဲ့ မိသားစုဝင်တွေကို ပြုစုပါတယ်။ အဲဒီပြုစုလို့ရတဲ့ စာရင်းတွေကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေနဲ့ တိုက်ဆိုင်စိစစ်ပြီးတော့ မှတ်ပုံတင်တကယ်မရှိတဲ့သူတွေကို ရှေ့ပြေးလျှောက်လွှာတွေကို ပေးပါတယ်။ ရှေ့ပြေးလျှောက်လွှာတွေ ကျွန်တော်တို့ဆီကို ပြန်ရောက်လာတဲ့အခါမှာ ရုံးမှာသော်လည်းကောင်း၊ ကွင်းဆင်းတဲ့ အချိန်မှာသော်လည်းကောင်း၊ ဒီပြည်သူတွေက မှတ်ပုံတင်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်




ထားဝယ်မြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပေးအပ်စဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

**မေး ။ "ပန်းခင်း" စီမံချက်ကို ဘယ်လိုပုံစံမျိုးတွေနဲ့ ဆောင်ရွက်သွားမယ်ဆိုတာကို သိချင်ပါတယ်။**

ဖြေ ။ "ပန်းခင်း" စီမံချက်ကို နေထိုင်မှုပုံစံ အမျိုးအစား (၄) မျိုးနဲ့ ဆောင်ရွက်ပေးပါမယ်။

- ပထမတစ်မျိုးကတော့ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်ပြီးတော့ အိမ်ထောင်စု စာရင်းရှိတယ်၊ မှတ်ပုံတင်မရှိတဲ့လူတွေပေါ့။
- ဒုတိယကတော့ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်တယ်၊ အိမ်ထောင်စု စာရင်းလည်း မရှိဘူး၊ မှတ်ပုံတင်လည်း မရှိတဲ့လူတွေ။
- တတိယအမျိုးအစားကတော့ ရွှေ့ပြောင်းနေထိုင်သူတွေအတွက်။ မူလဒေသမှာ အိမ်ထောင်စု စာရင်းရှိတယ်။ လက်ရှိဒေသမှာ မှတ်ပုံတင်မရှိတဲ့လူတွေ။
- စတုတ္ထကတော့ ရွှေ့ပြောင်းနေထိုင်သူတွေအတွက်။ မူလဒေသမှာ အိမ်ထောင်စု စာရင်းမရှိဘူး၊ လက်ရှိဒေသမှာ အိမ်ထောင်စု စာရင်းလည်းမရှိဘူး၊ မှတ်ပုံတင်လည်း မရှိတဲ့လူတွေအတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျ။

**မေး ။ ဒါတွေကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီးတော့ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးစေချင်ပါတယ်ရှင်။**

ဖြေ ။ ဒီ "ပန်းခင်း" စီမံချက်ကြီးကို နိုင်ငံတော်က ချမှတ်ပေးတဲ့ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေ၊ ဖြည့်ဆည်းဆောင်ရွက်ပေးမှုတွေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက ညွှန်ကြားချက်၊ အမိန့်တွေနဲ့၊ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် အနီးကပ် ကြီးကြပ်ပြီးတော့ ဝန်ထမ်းတွေ အားလုံးက စည်းလုံးညီညွတ်စွာနဲ့ စီမံချက်ကို အပိုင်း (၃) ပိုင်းနဲ့ စနစ်တကျ ဆောင်ရွက်နေတာဖြစ်ပါတယ်-

အပိုင်း (၁) ကတော့ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်ရတဲ့အပိုင်း၊

အပိုင်း (၂) ကတော့ ပူးပေါင်းဆောင်ရွက်မှုအပိုင်း၊

အပိုင်း (၃) ကတော့ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေမယ့် မီဒီယာကဏ္ဍအပိုင်းပဲ ဖြစ်ပါတယ်။

- ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်တဲ့အပိုင်းမှာတော့ ဒီ "ပန်းခင်း" စီမံချက်က ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့ ကာလကန့်သတ်ချက်အရ အချိန်မီပြီးစီးဖို့ လိုအပ်တာကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ လိုအပ်နေတဲ့ ဝန်ထမ်းအင်အား ဖြည့်တင်းတာတွေ၊ ဝန်ထမ်းသစ်ခန့်ထားတာတွေကို လက်ရှိဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အုပ်ချုပ်မှုကိစ္စတွေအဆင်ပြေစေဖို့အတွက်လည်း ဝန်ထမ်းတွေကို ပြောင်းရွှေ့နေရာချ တာဝန်ပေးတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါအပြင် ရာထူးလစ်လပ်နေတဲ့ နေရာတွေမှာ ရာထူးတိုးခန့်ထားရေးတွေကိုလည်း ဆောင်ရွက်ပြီးတော့ ပြောင်းရွှေ့နေရာချထားတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နောက် ကျွန်တော်တို့နဲ့ တိုင်းနှင့် ပြည်နယ်တွေနဲ့ စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းပြီးတော့ ပြည်သူလူထုအတွက် ထုတ်ပေးရမယ့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ၊ မှတ်တမ်းမှတ်ရာ ဆောင်ရွက်ပေးရမယ့် စာရွက်စာတမ်းတွေ သိန်းသန်းနဲ့ချီပြီးတော့ အချိန်မီရရှိနိုင်အောင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်နေတာဖြစ်ပါတယ်ခင်ဗျ။

- ပူးပေါင်းဆောင်ရွက်မှု အပိုင်းအနေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနက ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို တိုင်းနှင့် ပြည်နယ် ဝန်ကြီးချုပ်တွေ၊ တိုင်းနှင့် ပြည်နယ် အစိုးရအဖွဲ့တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ပြည်သူ့စစ်တွေ၊ ဒေသတွင်းမှာ စည်းရုံးစွာဆောင်ရွက်နိုင်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဖြစ်တဲ့ DKBA တို့၊ BGF တို့ စတဲ့ အဖွဲ့အစည်းမျိုးတွေ၊ နိုင်ငံတော်မှာ တရားဝင်ဖွဲ့စည်းရပ်တည်နေတဲ့ NGO အဖွဲ့အစည်းတွေ ဥပမာအားဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ YMBA အသင်းကြီးစတဲ့ ဒီလိုအသင်းကြီးတွေနဲ့ ညီနောင်အသင်းတွေနဲ့ ပူးပေါင်းပြီး သူတို့ရဲ့အားကိုယူပြီးတော့ စီမံချက်ကို အရှိန်အဟုန်ကောင်းစွာနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

– တတိယအပိုင်းကတော့ ပြည်သူလူထုတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့အတွက် ဆောင်ရွက်တဲ့ Media ကဏ္ဍမှာတော့ Media Strategy Plan ချမှတ်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ပြည်နယ်နှင့်တိုင်း အဖွဲ့တွေနဲ့ Online နဲ့ Offline Media (၂) မျိုးလုံးကိုအကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ Online Media မှာ ဆိုရင်တော့ Facebook Page တွေ၊ Website တွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနက လွှင့်တင်ထားတဲ့ Facebook Page တစ်ခုဖြစ်တဲ့ **"လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"** ဆိုတဲ့ Facebook Page မှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးရဲ့ ပန်ကြားလွှာ၊ ပြည်သူလူထုတွေ သိသင့်သိထိုက်တဲ့ အချက်အလက်တွေ၊ တိုင်းရင်းသားဘာသာစကားနဲ့ လွှင့်တင်တာတွေ၊ နောက် တိုင်းနှင့် ပြည်နယ်က ဆောင်ရွက်ချက်တွေကို လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

Website မှာလည်း ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ Website အပါအဝင် ဆက်စပ်ထားတဲ့ ဝန်ကြီးဌာန Website တွေ၊ ပြည်နယ်နှင့်တိုင်း အစိုးရအဖွဲ့တွေရဲ့ Website တွေနဲ့ ပြည်သူတွေ သိသင့်သိထိုက်တာတွေကို လွှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ Offline Media မှာ တော့ Printed Media ဖြစ်တဲ့ သတင်းစာတွေ၊ ဂျာနယ်တွေ၊ ဆောင်းပါးတွေ ထည့်တာတွေ၊ ပြည်သူလူထု သိသင့်သိထိုက်တဲ့ အချက်အလက်တွေ ဖြန့်ဝေတာတွေလုပ်ပါတယ်၊ Pamphlet တွေဖြန့်ဝေတာတွေ ဆောင်ရွက်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ TV Channel တွေမှာလည်း Talk Show တွေ၊ စကားဝိုင်းတွေ၊ တွေ့ဆုံမေးမြန်းခန်းတွေ၊ TV Spot လို ပြည်သူ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို ကြေညာစာတန်းထိုးတာတွေ၊ တေးသီချင်းတွေနဲ့ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။

FM Radio နဲ့ Radio အသံလွှင့်ဌာနတွေမှာလည်း တိုင်းရင်းသားဘာသာစကားနဲ့ တိုင်းရင်းသားမိဘ၊ ပြည်သူများပါသိအောင် ကျွန်တော်တို့ လွှင့်တင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ "ပန်းခင်း" စီမံချက်ကို ပြည်သူတွေနားထဲမှာ သိရှိနားလည်လာပြီးတော့ ပြည်သူတွေအတွက် ဘယ်လောက်အရေးကြီးတယ်၊ နိုင်ငံတော်အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိလာခြင်းအားဖြင့် ပြည်သူတွေ ပိုမိုပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး ။ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးမှုအနေနဲ့ ဝန်ကြီးဌာနနဲ့ ပြည်သူလူထု၊ ဝန်ထမ်းတွေအပေါ်မှာ ဘယ်လိုတွေ ဖြည့်ဆည်းဆောင်ရွက်ပေးလဲဆိုတာကို သိပါရစေ။**

**ဖြေ ။** "ပန်းခင်း" စီမံချက်က အရှိန်အဟုန်ကောင်းကောင်းနဲ့ လုပ်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနမှာ လိုအပ်နေတဲ့ ဝန်ထမ်းအရေအတွက်၊ ဝန်ထမ်းသစ်တွေ ခန့်ထားဖို့အတွက် နိုင်ငံတော်ကို တင်ပြတဲ့အချိန်မှာ နိုင်ငံတော်က ကျွန်တော်တို့ ဝန်ထမ်းတွေ ခန့်အပ်ဖို့ ခွင့်ပြုပြီးတော့ အခုလက်ရှိမှာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ နောက် ပြည်နယ်နှင့် တိုင်းအစိုးရအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် မှတ်ပုံတင်လုပ်တဲ့အချိန်မှာ လိုအပ်တဲ့ သွေးစစ်တာတွေ၊ ဓာတ်ပုံရိုက်တာတွေကို နိုင်ငံတော်ကနေ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးနိုင်အောင် ပြည်နယ်နှင့်တိုင်း အစိုးရအဖွဲ့ကနေတစ်ဆင့် ညွှန်ကြားဆောင်ရွက်နေတာတွေ ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်အောင်၊ သွားလာနေထိုင်တဲ့အခါမှာ သက်သာချောင်ချိမှုတွေ ရရှိအောင် ဝန်ထမ်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးတာတွေကို နိုင်ငံတော်ကနေ အင်ပြည့်အားပြည့် ဆောင်ရွက်ပေးနေတာတွေရှိပါတယ်။

**မေး ။ "ပန်းခင်း" စီမံချက်နဲ့ ပတ်သက်ပြီးတော့ အခုအချိန် ကိုဗစ်ကာလမှာ ကျန်းမာရေးအတွက် ကန့်သတ်ချက်တွေ ရှိနေတဲ့ကာလဖြစ်တဲ့အတွက် ဘယ်လိုတွေ ဆောင်ရွက်နေပါသလဲ။**

**ဖြေ ။** ဒီစီမံချက်ကာလက ကျွန်တော်တို့ရဲ့ အချိန်ကန့်သတ်ချက်နဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အခုလိုအခြေအနေမှာ ရုံးမှာရော၊ ကွင်းဆင်းတာရောကို ရတဲ့အခြေအနေပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်နေပါတယ်။ လက်ရှိအနေအထားအရတော့ ကွင်းဆင်းဆောင်ရွက်လို့ရှိရင် All One Stop Service ဖြစ်နိုင်အောင် ပြင်ဆင်ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါတွေကတော့ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ကြိုတင်ညှိနှိုင်းထားတာတွေ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတွေနဲ့ ကြိုတင်လူစုပြီးတော့ ရှေ့ပြေးလျှောက်လွှာတွေ ဖြည့်စွက်နိုင်အောင် ကြိုတင်ဆောင်ရွက်ထားတာတွေကို အခု လက်ရှိလုပ်နေပါတယ်။



**နမ္မတူမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးစဉ်။** လူမော်(ပြန်/ဆက်)

ရုံးမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအနေနဲ့ကတော့ ဝန်ထမ်းတွေအနေနဲ့ ရှေ့ပြေးလျှောက်လွှာတွေကို ကြိုပို့ထားလို့ ရှေ့ပြေးလျှောက်လွှာတွေနဲ့ အတူ ရုံးမှာလာလုပ်ချင်ရင်လည်း လုပ်လို့ရအောင် ကိုဗစ်–၁၉ ကာကွယ်ရေး စည်းကမ်းချက်တွေနဲ့အညီ တစ်နေ့ကို အင်အား ၄၀၊ ၅၀ ခန့်ကို ဆောင်ရွက်ပေးနေပါတယ်။ အလားတူ ရုံးတွေမှာရှိတဲ့ အိမ်ထောင်စုဇယားတွေထဲက မိသားစုဝင်တွေက မှတ်ပုံတင်ရပြီး ဖြည့်စွက်ထားခြင်းမရှိတဲ့ ကွက်လပ်တွေကိုလည်း ရုံးမှာရှိတဲ့ မှတ်တမ်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ ဒီကွက်လပ်တွေကို မှတ်ပုံတင်ရပြီးသားအဖြစ် ဖြည့်စွက်ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။ နောက် ရှေ့ပြေးလျှောက်လွှာတွေ ကျွန်တော်တို့ ရုံးကိုရောက်လာတဲ့အချိန်မှာ ရှေ့ပြေးလျှောက်လွှာတွေမှာပါတဲ့ အချက်အလက်တွေအတိုင်း လူတစ်ဦးချင်းစီအတွက် မှတ်ပုံတင်ထုတ်ပေးရင် အဆင်သင့်ဖြစ်အောင် ဖိုင်တွေဖွဲ့ထားပြီးတော့ ကွင်းဆင်းတဲ့အချိန်မှာ ဆောင်ရွက်နိုင်အောင် ပြင်ဆင်ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒါကြောင့် အခုလုပ်နေတာတော့ ကွင်းဆင်းဖို့ ကြိုတင်ပြင်ဆင်ထားတာတွေရော၊ ရုံးမှာ ဆောင်ရွက်တာတွေရောကို အချိန်နဲ့တစ်ပြေးညီ ရရှိတဲ့အချိန်အတွင်းမှာ မှတ်ပုံတင် ထုတ်ပေးရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်နေကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

**မေး ။ မှတ်ပုံတင်လာလုပ်ရမယ့် လူတွေအတွက် ဘယ်လို အထောက်အထားတွေ လိုပါသလဲ။ လိုတဲ့အထောက်အထားတွေကို ပြည်သူတွေ သိအောင် ဘယ်လိုတွေ လုပ်ဆောင်ပေးနေပါသလဲ။**

**ဖြေ ။** Website တွေ၊ Facebook Page တွေမှာလည်း ရှင်းလင်းတင်ပြထားသလို မြို့နယ်တွေမှာရှိတဲ့ မြို့နယ်တိုင်းရဲ့ ရုံးရှေ့တွေမှာရော၊ ပြည်သူလူထု မြင်သာတဲ့နေရာတွေမှာရော ဗီနိုင်းတွေနဲ့၊ ဆိုင်းဘုတ်တွေနဲ့ လူတွေသိအောင်၊ ပြည်သူတွေသိအောင် ကြေညာပေးထားပါတယ်။ Pamphlet တွေ ဝေငှခြင်းအားဖြင့်လည်း ပြည်သူလူထု ကြိုတင်ဆောင်ရွက်ရမယ့် အချက်တွေ၊ ရုံးက ဆောင်ရွက်ရမယ့်အချက်တွေကို သိအောင် ကျယ်ကျယ်ပြန့်ပြန့်လုပ်နေပါတယ်။ Media ကဏ္ဍနဲ့ ဒါတွေကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

**မေး ။ အခုအချိန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဘယ်လိုအသက်အရွယ်တွေကို ဦးစားပေးပြီးတော့ လုပ်ဆောင်ပေးနေလဲဆိုတာကို သိချင်ပါတယ်။**

**ဖြေ ။** အခုချိန်မှာတော့ အသက် ၁၆ နှစ်ကနေ ၁၈ နှစ်ကြား၊ ၁၈ နှစ်အထက်၊ ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ နေထိုင်မှုပုံစံ (၄) မျိုးစလုံးကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

ဒီမှာတစ်ဆက်တည်းပဲ နေထိုင်မှုပုံစံ (၄) မျိုးကို ဆောင်ရွက်ပေးနေတဲ့ အချက်လေးကို ရှင်းလင်းတင်ပြလိုပါတယ် –

(၁) ပထမတစ်မျိုးကတော့ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်တယ်။ အိမ်ထောင်စုစာရင်းရှိတယ်။ မှတ်ပုံတင်မရှိတဲ့လူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့က မြို့နယ်ရုံးတွေမှာရှိတဲ့ ရုံးလက်ခံထဲကနေပြီးတော့ အိမ်ထောင်စုစာရင်းတွေမှာပါတဲ့ မိသားစုဝင်တွေကို ပြုစုပါတယ်။ အဲဒီပြုစုလို့ရတဲ့ စာရင်းတွေကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ တိုက်ဆိုင်စိစစ်ပြီးတော့ မှတ်ပုံတင် တကယ်မရှိတဲ့သူတွေကို ရှေ့ပြေးလျှောက်လွှာတွေကို ပေးပါတယ်။ ရှေ့ပြေးလျှောက်လွှာတွေ ကျွန်တော်တို့ဆီကို ပြန်ရောက်လာတဲ့အခါမှာ ရုံးမှာသော်လည်းကောင်း၊ ကွင်းဆင်းတဲ့အချိန်မှာသော်လည်းကောင်း၊ ဒီပြည်သူတွေက မှတ်ပုံတင်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

(၂) ဒုတိယ အမျိုးအစားအနေနဲ့ကတော့ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်ပြီးတော့ အိမ်ထောင်စုစာရင်းမရှိဘူး၊ မှတ်ပုံတင်လည်း မရှိတဲ့လူတွေ ဖြစ်ပါတယ်။ ဒါကတော့ မြေပြင်မှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ပေါင်းစပ်ပြီးတော့ ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်တဲ့ အိမ်ထောင်စုစာရင်းတွေကို ရရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က (၅) ဦးကော်မတီနဲ့ စိစစ်အတည်ပြုပါတယ်။ (၅) ဦးကော်မတီဆိုတာတော့ နိုင်ငံတော်က တရားဝင်ဖွဲ့စည်းပေးထားတဲ့ အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်ထုတ်ပေးဖို့အတွက် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးက ဥက္ကဋ္ဌ၊ (မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန)က ဦးစီးအရာရှိတွေက အဖွဲ့ဝင်တွေဖြစ်ပြီးတော့၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေက အတွင်းရေးမှူး ဖြစ်ပါတယ်ခင်ဗျ။ ဒီ (၅) ဦးကော်မတီက အတည်ပြုထားတဲ့ အိမ်ထောင်စုစာရင်းမှာပါတဲ့ မိသားစုတွေ အားလုံးကို မှတ်ပုံတင်ထုတ်ပေးသွားမှာဖြစ်ပါတယ်။

(၃) တတိယအမျိုးအစားကတော့ ရွှေ့ပြောင်းသွားလာနေထိုင်သူတွေအတွက်။ မူလဒေသမှာ အိမ်ထောင်စုစာရင်းရှိတယ်၊ လက်ရှိမှာ မှတ်ပုံတင်မရှိတဲ့လူတွေ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိဒေသမှာ နေထိုင်မှုကို စိစစ်တဲ့အချိန်မှာ လက်ရှိဒေသမှာ နေထိုင်တယ်ဆိုရင်တော့ မူလဒေသက အိမ်ထောင်စုစာရင်းကို လက်ရှိဒေသမှာ ပြောင်းရွှေ့ချင်တယ်ဆိုရင် မြို့နယ်အချင်းချင်း ချိတ်ဆက်ပြီးတော့ အိမ်ထောင်စုပြောင်းဝင်၊ ပြောင်းထွက်ကို လုပ်ပေးပါတယ်။ အဲဒီလို အိမ်ထောင်စုစာရင်းရပြီဆိုရင် လက်ရှိဒေသမှာ အိမ်ထောင်စုစာရင်းအရ ပါဝင်တဲ့ မိသားစုဝင်အားလုံးက မှတ်ပုံတင်လုပ်နိုင်မှာ ဖြစ်ပါတယ် (သို့မဟုတ်) ကာယကံရှင်က မူလဒေသမှာပဲ မှတ်ပုံတင် ပြန်လုပ်ချင်တယ်ဆိုရင်တော့ မြို့နယ်ရုံးအချင်းချင်း အကြောင်းကြားပေးထားတာဖြစ်တဲ့အတွက် အလွယ်တကူပဲ မူလဒေသမှာရှိတဲ့ အိမ်ထောင်စုစာရင်းအတိုင်း မှတ်ပုံတင်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

(၄) စတုတ္ထအမျိုးအစားကတော့ မူလဒေသမှာ အိမ်ထောင်စုစာရင်းမရှိဘူး။ လက်ရှိပြောင်းရွှေ့နေတဲ့ဒေသမှာလည်း အိမ်ထောင်စုစာရင်းလည်းမရှိဘူး။ မှတ်ပုံတင်လည်းမရှိတဲ့လူတွေ ဖြစ်ပါတယ်။ ဒါမျိုးကိုတော့ ကျွန်တော်တို့က မြေပြင်မှာစိစစ်တဲ့အချိန်မှာ ရရှိလာတဲ့ အိမ်ထောင်စုစာရင်းတွေကို မူလဒေသမှာ တကယ်နေထိုင်ခဲ့ခြင်း ရှိ/ မရှိကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးချင်း ညှိနှိုင်းပြီး မေးပါတယ်။ အဲဒီက အတည်ပြုချက်ရပြီဆိုရင်တော့ လက်ရှိဒေသမှာ (၅) ဦးကော်မတီနဲ့ လက်မှတ်ရေးထိုးထားတဲ့ M တံဆိပ်ပါတဲ့ အိမ်ထောင်စုစာရင်းကို ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဒီအိမ်ထောင်စုစာရင်းက သူတို့အတွက် တရားဝင်ရေရှည်ကိုင်ဆောင်အသုံးပြုသွားရမယ့် အိမ်ထောင်စုစာရင်း ဖြစ်ပါတယ်။ အဲဒီမှာတော့ M တံဆိပ် ရိုက်နှိပ်ထားပြီးတော့ ဒါကတော့ လက်ရှိနေတဲ့ အိမ်၊ ခြံ၊ တိုက်ခန်းတွေနဲ့ မည်သည့် ပိုင်ဆိုင်မှုနှင့်မှ သက်ဆိုင်တာ မဟုတ်ဘဲနဲ့ အိမ်ထောင်စုစာရင်းလုပ်ဖို့အတွက် ရေရှည် တရားဝင် ကိုင်ဆောင်နိုင်တဲ့ အိမ်ထောင်စုစာရင်း ဖြစ်ပါတယ်။ ဒီအိမ်ထောင်စုစာရင်း ရရှိသွားပြီဆိုရင်တော့ ဒီအိမ်ထောင်စုစာရင်းထဲမှာပါတဲ့ မိသားစုဝင်တွေ၊ နိုင်ငံသားတွေအားလုံးက ရှေ့ပြေးလျှောက်လွှာကို ဖြည့်စွက်ပြီးတော့ မှတ်ပုံတင်ကို ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်းကို တစ်ဆက်တည်း ရှင်းလင်းတင်ပြလိုပါတယ်။

**မေး ။ "ပန်းခင်း" စီမံချက် လုပ်ဆောင်နေတဲ့အခါမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ ရှိပါသလား။**

**ဖြေ ။** အခက်အခဲတွေကတော့ ရှိပါတယ်။ ဒါ အခုလက်ရှိ Stay at Home ကာလ သတ်မှတ်ထားတဲ့ မြို့နယ်တွေရှိတယ်။ ကိုဗစ်–၁၉ ရောဂါ စည်းကမ်းအရ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အမိန့်နဲ့ညွှန်ကြားချက်တွေ ရှိတယ်။ လုံခြုံရေးအရ အထိုက်အလျောက် ကန့်သတ်ချက်ရှိတဲ့ နေရာတွေရှိပါတယ်။ ဒါတွေကိုတော့ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုနဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပူးပေါင်းအင်အားနဲ့ စနစ်တကျ စီမံပြီးတော့ ရုံးမှာရော၊ ကွင်းဆင်းတဲ့အချိန်မှာရော ဆောင်ရွက်နိုင်အောင် ကြိုတင်ပြင်ဆင်ထားပြီးတော့ Time Frame နဲ့ ဆောင်ရွက်တာ ဖြစ်တဲ့အတွက် ဒီအခက်အခဲတွေ ကျော်လွှားပြီးတော့ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# မြစ်ကြီးနားမြို့ပေါ်ရှိ ကိုဗစ်-၁၉ အတည်ပြုလူနာစောင့်ရှောက်ရေးစခန်းများသို့ ကိုဗစ်ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

မြစ်ကြီးနား နိုဝင်ဘာ ၅

**ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရပ်ဘက် အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ပေါ်ရှိ ကတ်သလစ်အသင်းတော်ပိုင် ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေး စခန်းများသို့ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ စိန်ကိုလန်ဘန်ကဒီဒြယ် ကတ်သလစ်အသင်းတော်ပိုင် ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းနှင့် နန်းကွေ့ကျေးရွာရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ ကိုဗစ်-၁၉ အတည်ပြုလူနာများ စောင့်ရှောက်ရေးစခန်းသို့ ရောက်ရှိပြီး ဘုန်းတော်ကြီး၊ ဆရာဝန်နှင့် စခန်းတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်နေမှုအပိုင်းများနှင့် အောက်ဆီဂျင်လိုအပ်ချက်အခြေအနေတို့ကို မေးမြန်းဆွေးနွေးကာ စခန်းအတွင်းရှိ လူနာဆောင်များမှ လူနာများကို အားပေးစကားပြောကြားခဲ့ပြီး အသင်းတော်နှင့် စေတနာ့ဝန်ထမ်းများအတွက် PPE ဂဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒူကထောင်ရပ်ကွက်ရှိ စိန့်ဂျိုးဇက် ကတ်သလစ်အသင်းတော် ကလေးသူငယ်ဖွံ့ဖြိုးရေး ဂေဟာအတွင်း ဖွင့်လှစ်ဆောင်ရွက်သွားမည့် ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စေတနာ့ဝန်ထမ်း လူငယ်များဖြင့် စုဖွဲ့ဆောင်ရွက်ထားရှိမှုများကို အသင်းတော်တာဝန်ရှိသူများနှင့် လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က PPE ဂဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် စီတာပူရပ်ကွက်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးပိုင်ရုံးဝင်းအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများအား ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းထိုင်ဘုန်းတော်ကြီးထံ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့လှူဒါန်းမှုတွင် PPE ဂဝတ်စုံ ၂၂၀၀၊ လက်အိတ်အခုရေ ၄၈၀၀၊ နှာခေါင်းစည်း အခုရေ ၃၀၀၀၀ ၊ လက်သန့်ဆေးရည်ဘူး ၃၀၀ ၊ ဓာတ်ဆားရည် အထုပ် ၂၀၀၊ ခေါင်းစွပ်အခုရေ ၂၀၀၀ နှင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့ကို ရရှိကိုင်ဆောင်ထားစေလို

**ထားဝယ် နိုဝင်ဘာ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပန်းခင်းစီမံချက်ဖြင့် ထားဝယ်မြို့ ထိန်သစ်ရပ်ကွက်တွင် ၁၀ ရက်ကြာ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံသားကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့ကို ပေးအပ်မည့် အခမ်းအနားဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ပြည်သူများအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စု လူဦးရေစာရင်းတို့ကို ရရှိကိုင်ဆောင်ထားစေလိုကြောင်း၊ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း လုပ်ကိုင် ဆောင်ရွက်ပေးစေလိုကြောင်း၊ မှတ်ပုံတင်လုပ်ငန်းများတွင် နိုင်ငံတော်က သွေးစစ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း လုပ်ငန်းများ၌ အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာခင် ကာလအတွင်း ရွေးကောက်ပွဲ ပြုလုပ်မည် ဖြစ်သောကြောင့် အများပြည်သူ လက်ထဲတွင် မှတ်ပုံတင် ကတ်ပြားရှိနေမှသာ လျှင်ဆန္ဒမဲပေးရမည်ဖြစ်သည့်အတွက် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးရလေအောင် ပြုလုပ်ထားစေလိုကြောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပေါင်းစပ်ညှိနှိုင်းပြီး ကွင်းဆင်း ဆောင်ရွက်ပေးနေသောကြောင့် လူတိုင်းလက်ထဲတွင် မှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်နိုင်လိမ့်မည်ဟုယုံကြည်မိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများက ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား (၃)က ၃၂၄ ခု၊ (၁၈) နှစ်ပြည့် ဖ(က)၁၀၉ ခု၊ လဲလှယ် ၉၆ ခု၊ မိတ္တူ ၇၁ ခု နှင့်အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (ဃ) ဖြင့် အိမ်ထောင်စု(၁)ခု ၊ ပုံစံ(ဂ)ဖြင့် အိမ်ထောင်စုခွဲနှစ်ခု၊ အိမ်ထောင်စုလူဦးရေစာရင်း ၃၆ ခု၊ အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ) ၂၂၃ ခုတို့ကို ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ အောင်ပန်းမြို့ရှိတပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**မိုင်းရယ် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် စလန်းပုန်းထွန်ကျေးလက်ကျန်းမာရေးဌာနခွဲတို့၌ အသက် ၁၈ နှစ်အထက်ရှိသူများအား ယမန်နေ့ နံနက် ၁၀ နာရီမှစ၍ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အသီးသီးထိုးနှံပေးသည်။

မိုင်းရယ်မြို့ ပြည်သူ့ဆေးရုံ၊ စလန်းပုန်းထွန်ကျေးလက်ကျန်းမာရေးဌာနခွဲတို့တွင် အသက် ၁၈ နှစ်အထက် ဒုတိယအသုတ် ဒုတိယအကြိမ်အဖြစ် ၅၂၅ ဦးနှင့် တတိယအသုတ် ပထမအကြိမ်အဖြစ် ၈၀ တို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ထိုက်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်အတွက် ပါတီအများစုက ဆွေးနွေးခဲ့ကြကြောင်း၊ နိုင်ငံရေးပါတီ ၁၆ ပါတီကလည်း PR စနစ်နှင့်စပ်လျဉ်းသည့် စာတမ်းများ ပေးပို့ခဲ့ပြီး မေလထဲ၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ ဆုံးဖြတ်ချက်အတိုင်း ယခုရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် လာမည့် ရွေးကောက်ပွဲအတွက် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေအရ ကျင့်သုံးဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်များကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများက စာတမ်းများကို ဖတ်ကြားဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် အမျိုးမျိုးသော နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲစနစ်များနှင့် တူညီမှု မရှိသော မဲပေးပုံစနစ်များကို တွေ့ရမည်ဖြစ်ပြီး ထိုသို့သော စနစ်များကို ကျင့်သုံးကြရာတွင် အခြေခံအနေဖြင့် (၂) မျိုး တွေ့ရပါကြောင်း၊ ယင်းတို့မှာ မဲများသူ အနိုင်ရသည့်စနစ် FPTP နှင့် အချိုးကျ ကိုယ်စားပြုစနစ် PR တို့ဖြစ်ကြောင်း။

**အထွေထွေရွေးကောက်ပွဲများ**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ပါလီမန် အထွေထွေရွေးကောက်ပွဲများ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၁၉၇၄ ခုနှစ် မှ ၁၉၈၈ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် မဲများသူ အနိုင်ရတဲ့စနစ် (FPTP) ကိုသာ ကျင့်သုံးခဲ့ပြီး နိုင်သူအကုန်ယူသည့် မဲပေးသော စနစ်နှင့်အတူ ကြီးပြင်းလာခဲ့သူများဖြစ်သည့်အလျောက် ဤစနစ်ကိုပင် ဒီမိုကရေစီနိုင်ငံအများအပြားက ကျင့်သုံးသည်ဟု မှတ်ယူခဲ့ကြပါကြောင်း၊ ပြောင်းလဲခဲ့သည့် ခေတ်ကာလအခြေအနေအရ ဒီမိုကရေစီနိုင်ငံအများစုသည် မဲဆန္ဒနယ် တစ်နယ်တွင် ကိုယ်စားလှယ်တစ်ဦး ရွေးကောက်သည့် စနစ်မှာ ခေတ်နောက်ကျ၍ မျှတမှုမရှိသဖြင့် နိုင်ငံအများအပြားက ယင်းစနစ်ကို ငြင်းပယ်ခဲ့ကြပြီး အချိုးကျ ကိုယ်စားပြုစနစ်ကို အစားထိုးကျင့်သုံးနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရာတွင် ထောက်ခံဆန္ဒမဲ ၅၁ ရာခိုင်နှုန်း ရရှိသည့် ကိုယ်စားလှယ်လောင်းသည် အနိုင်ရရှိသဖြင့် ၁၀၀ ရာခိုင်နှုန်းကို ကိုယ်စားပြုခြင်းအခွင့်အရေးကို ရရှိသွားပြီး ၄၉ ရာခိုင်နှုန်းရရှိသည့် အခြားကိုယ်စားလှယ်လောင်းသည် ကိုယ်စားပြုခွင့် လုံးဝရရှိခြင်း မရှိသဖြင့် ၄၉ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များ၏ မဲများမှာ အဟောသိကံဖြစ်ခဲ့ရကြောင်း၊ အချိုးကျ ကိုယ်စားပြုခြင်းဆိုသည့် သဘောတရားမှာ အများစုသည် ဆုံးဖြတ်ပိုင်ခွင့်ရှိသော်လည်း လူတိုင်းသည် ကိုယ်စားပြုခွင့်ရှိသည်ဆိုသည့် အချက်ပင် ဖြစ်ပါကြောင်း။

**PR စနစ်၏ အားသာချက်များ**

PR စနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းစိုး ရှင်းလင်းပြောကြားစဉ်။

ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲ အပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့်စနစ်လည်း ဖြစ်ပါကြောင်း၊ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ခံနိုင်ပါကြောင်း၊ PR စနစ်၏ အားသာချက်များမှာ လူဦးရေအချိုးအစားအလိုက် ညီမျှသော ကိုယ်စားလှယ် အရေအတွက်ရရှိခြင်း၊ ပါတီများအနေဖြင့် ရရှိသောဆန္ဒမဲအချိုးအစားအလိုက် ကိုယ်စားလှယ် အရေအတွက် သတ်မှတ်နိုင်ခြင်းကြောင့် ပါတီငယ်များ၊ တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် တစ်သီးပုဂ္ဂလများလည်း အခွင့်အရေးရကြောင်း၊ အခြေခံမဲအရေအတွက်အလိုက် ကိုယ်စားလှယ်နေရာ ရရှိနိုင်၍ တစ်ပါတီကြီးစိုးသောစနစ် အားနည်းသွားစေခြင်း၊ အဟောသိကံဖြစ်သော မဲများလျော့ပါးစေ၍ ပြည်သူများ၏ဆန္ဒနှင့် အနီးစပ်ဆုံးညီမျှမှုကို ပေးစွမ်းနိုင်သဖြင့် မဲပေးမှုနှုန်း အားကောင်းစေနိုင်ကြောင်း။

**ပါတီအချင်းချင်းထိန်းညှိနိုင်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲ နှစ်ကြိမ်ကျင်းပခဲ့ရာ လွှတ်တော်အတွင်း၌ အင်အားကြီးပါတီတစ်ခုကသာ အားသာပြီး အစိုးရဖွဲ့နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပါတီစုံဖြစ်လာခဲ့လျှင် လွှတ်တော်အတွင်း အဆုံးအဖြတ်ပေးရာ၌ ညှိနှိုင်းဆောင်ရွက်ရမှုများကြောင့် ပါတီအချင်းချင်း ထိန်းညှိနိုင်ခြင်းစသည့် အားသာချက်များရှိလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ပျံ့နှံ့စွာနေထိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ယခုလို PR စနစ်ကို ပြောင်းလဲကျင့်သုံးလာပါက လူမျိုးစုငယ်များအပါအဝင် တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍများမှာ အချိုးကျ ပါဝင်လာနိုင်မည်ဖြစ်၍ ပိုမိုပြီးမျှမျှတတ ရှိလာမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်သုံးရပ်လုံးတွင် မဲဆန္ဒနယ်ခွဲဝေခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ရာ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီမှ ဦးဌေးကျော်က ကော်မရှင်မှ ရှင်းလင်းတင်ပြချက်များသည် ပြီးပြည့်စုံသဖြင့် ထပ်မံဆွေးနွေးရန် မရှိကြောင်းနှင့် သဘောတူပါကြောင်း၊ ပြည်သူ့ရှေ့ဆောင်ပါတီမှ ဒေါက်တာမျိုးဆက်သွေးက ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး ရှင်းလင်းသည့် အချိုးကျကိုယ်စားပြုစနစ်တစ်ခု ဖြစ်သည့် Closed List နှင့် စတင်ဆောင်ရွက်ပြီး ရွေးကောက်ပွဲကာလ သက်တမ်းနှစ်ခု ဖြတ်သန်းပြီးမှ Open List ကို သွားသင့်ပါကြောင်း။

**မဲမသမာမှု လျော့နည်းသွားနိုင်**

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီမှ ဦးမျိုးညွန့်က PR စနစ်ပြောင်းလဲကျင့်သုံးခြင်းကို ကြိုဆိုကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အာဏာသုံးရပ်ကို ဆောင်ရွက်နိုင်သည့်အတွက် ဥပဒေပြင်ဆင်ရေးများကို ရဲရဲဝင့်ဝင့် ဆောင်ရွက်စေလိုပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် PR စနစ်ကို ပြောင်းလဲသင့်ကြောင်းနှင့် PR စနစ်နှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဆိုပြုချက်ကို ထောက်ခံကြောင်း၊ စာတမ်းရေးသားတင်ပြထားပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရှင်းလင်းချက်နှင့် မိမိတို့ပါတီအဆိုပြုတင်ပြချက်မှာ မဲဆန္ဒနယ်ခွဲဝေမှုတွင်သာ အနည်းငယ်ကွဲလွဲမှုရှိပါကြောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးစိုင်းအိုက်ပေါင်းက PR စနစ် ပြောင်းလဲကျင့်သုံးပါက မဲမသမာမှု လျော့နည်းသွားနိုင်ကြောင်းနှင့် တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း မပြုစေလိုကြောင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဌာနမှ PR စနစ်နှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များနှင့် ပေါင်းစပ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲစနစ် ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပြီး အခမ်းအနားသို့ နိုင်ငံရေးပါတီ ( ၅၃ ) ပါတီမှ ကိုယ်စားလှယ် ( ၉၃)ဦး၊ စိတ်ပါဝင်စား၍ တက်ရောက်သူ အရပ်ဘက်ကိုယ်စားလှယ် (၂၀) စုစုပေါင်း (၁၁၃) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မစပါနဲ့

ဆရာမဲဇာ

**ကျန်းမာလိုလျှင် ကိုယ်တိုင်ဆောင်ရွက်သင့်သည့်လုပ်ငန်း ကိုးခုရှိကြောင်း ကျွန်တော်ရေးခဲ့ပါသည်။ လျှော့ (၃) လျှော့၊ ဖြတ် (၃) ဖြတ်၊ ဆောင် (၃) ဆောင် ဟူ၍ အတိုကောက်မှတ်နိုင်ပါသည်။ ဆီစားသုံးမှု လျှော့ချရန်၊ အငန်စားသုံးမှုလျှော့ချရန်၊ အချိုမှုန့်ကဲ့သို့ သဘာဝမဟုတ်သောအရာများကို လျှော့စားရန် တိုက်တွန်းခဲ့ပါသည်။**

လျှော့စားရန်တိုက်တွန်းရခြင်းသည် ဖြတ်၍မရသောကြောင့် ဖြစ်ပါသည်။ ဆီကို မစား၍မဖြစ်ပါ။ ကျန်းမာရေးအတွက် မရှိမဖြစ်အရေးကြီးပါသည်။ သို့ရာတွင် ကျန်းမာရေးထိခိုက်လောက်အောင် စားသုံးနေကြသဖြင့် မကူးစက်တတ်သောရောဂါများဖြစ်သော အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းမှသည် ဆီးချိုရောဂါဖြစ်ကာ ခြေထောက်များ ဖြတ်ပစ်ရသည်အထိ ဖြစ်နေသည်များကို တွေ့နေရလေသည်။ ထို့ပြင်မက ခေတ်ပေါ် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် သေဆုံးသူများထဲတွင် ဆီးချိုရောဂါအခံရှိသူများမှာ ထိပ်ဆုံးကဖြစ်ကြောင်း တွေ့နေရပါသည်။

ကပ်ရောဂါဖြစ်နေချိန်ကျမှ ဆီလျှော့ပါ၊ အငန်လျှော့ပါ၊ အချိုမှုန့်လျှော့ပါဟု တိုက်တွန်းသောအခါ နောက်ကျသွားပါပြီ။ လျှော့မစားဘဲ စားချင်သလောက်စားခဲ့ကြသောကြောင့် ရောဂါအခံများ များနေချိန်ကျမှ ကိုယ်ခံအားကောင်းဖို့ လုပ်ကြပါဦးဟုဆိုသောအခါ လက်တွေ့မကျတော့ပေ။ ဝမ်းရောဂါကပ်ဆိုက်နေချိန်ကျမှ "ယင်လုံအိမ်သာဆောက်ပါ" ဟု တိုက်တွန်းသလိုဖြစ်နေ၏။

◆ ပုထုဇဉ် လူသားမှန်သမျှမှာလည်း အစွဲအလမ်းမကင်းကြပါ။ စွဲလမ်းမှု "တဏှာ" ကြောင့်သာ သံသရာလည်နေပြီး ထွက်ပေါက်ပိတ်နေသူ အချင်းချင်း "စွဲလမ်းမှုကို ဖြတ်ပါ" ဟု ပြောရန်ခက်ပါသည်။ သို့ရာတွင် ကျန်းမာရေးအတွက် အန္တရာယ်ရှိကြောင်း သေချာသည့် ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးများအကြောင်းကို မသိဘဲ သုံးစွဲမိမည်စိုးသောကြောင့်သာ အထပ်ထပ်အခါခါ အသိပညာပေးနေရခြင်းဖြစ်ပါသည်

### လူ့အဖွဲ့အစည်းက ထိန်းချုပ်ပေးနိုင်

ကျန်းမာနေချိန်မှာ ပြတ်သားစွာလျှော့ချစားသုံးရမည့်ကိစ္စဖြစ်ပြီး အိမ်ရှင်မ၊ စားသောက်ဆိုင်ပိုင်ရှင်၊ အရောင်းဆိုင်များနှင့် လူ့အဖွဲ့အစည်းက ထိန်းချုပ်ပေးနိုင်သည့်လုပ်ငန်းများအဖြစ် နိုင်ငံတကာတွင် ဆောင်ရွက်နေကြလေပြီ။ အထူးသဖြင့် ဆိုင်တင်ရောင်းချသောအစားအသောက်များတွင် အဆီပါဝင်မှု၊ အချိုပါဝင်မှု၊ အငန်ပါဝင်မှုကအစ တိကျစွာဖော်ပြမှသာ အစာဆေးဝါးဌာန(FDA)များက ခွင့်ပြုမိန့်ထုတ်ပေးသည့်အလုပ်များ လုပ်လာကြလေသည်။

အစားအစာထုတ်လုပ်ရောင်းချမှု လုပ်ငန်းကြီးတစ်ခုလုံး၏ ဆက်နွှယ်မှုများတွင် Supply Chain တစ်လျှောက်လုံး၌ အားနည်းချက်မရှိအောင် လုပ်ရသောတာဝန်သည် ကြီးမားလှ၏။ ယခုအခါ ကိုဗစ် – ၁၉ ရောဂါကပ်ဆိုး ကာကွယ်ရန်အတွက် ကာကွယ်ဆေးများကို ထုတ်လုပ်ရာမှ ထိုးနှံပေးသည်အထိ ဆက်စပ်ဆောင်ရွက်မှုများကို စံချိန်မီရန် ဆောင်ရွက်ရသကဲ့သို့ပင် စားသုံးသူလူထု၏ကျန်းမာရေးအတွက် ကျန်းမာစေသော အစားအသောက်များ (Safe Food) ရရှိရေးသည် အစားအစာဖူလုံမှု (Food Security) ကဲ့သို့ အရေးကြီးရုံမက အဓိကကျကြောင်း သုတေသနများက ဖော်ပြနေပါသည်။

### စွဲလမ်းမှုကို ဖြတ်တောက်ရန်

စွဲနေသောအရာများ၊ အစားအစာများကို လျှော့ချစားသုံးရသည်မှာ ခက်ခဲလှပါသည်။ ထိုအရာများကို ဖြတ်တောက်ရတော့မည်ဆိုလျှင် ပို၍ပို၍ခက်တော့၏။ စာရေးသူအနေဖြင့် မဖြတ်နိုင်သောအရာများကို မဖြတ်ခိုင်းဘဲ လျှော့ချစားသုံးရန်သာ တိုက်တွန်းရပါသည်။ ကျန်းမာရေး ထိခိုက်လောက်အောင်၊ လူမှုရေးပြဿနာ ထွေပြားလောက်အောင် ဖြစ်လာသော စွဲလမ်းမှုမျိုးကိုမူ ပြတ်ပြတ်သားသားဖြတ်တောက်ရန် လိုတော့၏။

"ဖြတ်သုံးဖြတ်" ဖြတ်ကြရန် တိုက်တွန်းအဆိုပြုခဲ့၏။

(၁) ဆေးရွက်ကြီးအခြေခံ ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာ ဖြတ်ပါ။

(၂) အရက်ဖြတ်ပါ။

(၃) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော အရာများကို ဖြတ်ပါဟူ၍ ဖြစ်ပါသည်။

ဤအရာအားလုံးသည် မိမိ၏ရွေးချယ်မှု (Personal Choice Behaviour) ဖြစ်၍ မိမိကိုယ်တိုင်ဖြတ်မှရ၏။ စွဲလမ်းနေပြီဆိုလျှင်၊ လူမှုရေး၊ စီးပွားရေး၊ ပြဿနာများ ကြီးထွားလာပြီဆိုလျှင် ယတိပြတ်ဖြတ်ရုံမှတစ်ပါး အခြားမရှိ။ သတ္တိရှိသူတို့က အစိမ်းဖြတ်နည်း (Cold Turkey Method) ကို သုံးကြ၏။ ပြတ်လပ်မှုဒဏ်ကို အပြင်းအထန်ခံစားရပြီး သတ္တိရှိရှိ ကျော်လွှားနိုင်စွမ်းရှိသူများမှာ အောင်မြင်၏။

### သုံးစွဲမိလျှင် ဖြတ်ရခက်

မိမိ၏ရွေးချယ်မှုသည် အကျိုးရှိ၊ မရှိ ကြိုတင်သိရှိနိုင်ရန်သာ အသိပညာပေးသူတို့ တတ်နိုင်ပါသည်။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးများသည် သုံးစွဲမိလျှင် ဖြတ်ရခက်ကြောင်း အသိပေးရုံသာ တတ်နိုင်ပါ၏။ စမ်းသပ်ကြည့်ချင်၍ဖြစ်စေ၊ တွန်းပို့ခံရ၍ဖြစ်စေ စတင်သုံးဆောင်မိလျှင် တရိရိနှင့် ဒုက္ခများ ပင်လယ်ဝေလာတတ်ကြောင်းကို သုံးမိရာမှ စွဲလမ်းသွားသူတို့က ပို၍သိပါသည်။ ထိုသို့သိလာသည့်အချိန်တွင် ဖြတ်၍မရတော့ခြင်း၊ အကြိမ်ကြိမ်ဖြတ်၍ အကြိမ်ကြိမ် ပြန်လည်သုံးစွဲမိခြင်းတို့ ဖြစ်လာလေသည်။

အဓိကအကြောင်းရင်းမှာ စွဲလမ်းမှုပင်ဖြစ်ပါသည်။ ပုထုဇဉ် လူသားမှန်သမျှမှာလည်း အစွဲအလမ်းမကင်းကြပါ။ စွဲလမ်းမှု "တဏှာ" ကြောင့်သာ သံသရာလည်နေပြီး ထွက်ပေါက်ပိတ်နေသူအချင်းချင်း "စွဲလမ်းမှုကို ဖြတ်ပါ" ဟု ပြောရန်ခက်ပါသည်။ သို့ရာတွင် ကျန်းမာရေးအတွက် အန္တရာယ်ရှိကြောင်း သေချာသည့်ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးများအကြောင်းကို မသိဘဲ သုံးစွဲမိမည်စိုးသောကြောင့်သာ အထပ်ထပ်အခါခါ အသိပညာပေးနေရခြင်းဖြစ်ပါသည်။

### စွဲလမ်းသွားရန် သိပ္ပံနည်းကျဖော်စပ်ထား

အတွေ့အကြုံအရသုံးသပ်ရလျှင် ဆေးလိပ်သောက်သူများမှာ ကျန်းမာရေးထိခိုက်မှု တစ်ခုတည်းမဟုတ်ကြောင်း တွေ့ရပါ၏။ ဆေးရွက်ကြီးတွင် ပါဝင်သော ဓာတ်ပစ္စည်းထောင်ပေါင်းများစွာသည် ကောင်းကျိုးမပေးကြောင်း သိလွန်းနေသော ဆရာဝန်များကိုယ်တိုင် ဆေးလိပ်သောက်၊ ဆေးလိပ်စွဲ၊ ဆေးလိပ်မဖြတ်ဘဲ နေကြသည်ဖြစ်၍ ဆေးလောကနှင့် ဝေးသောသူများမှာ ဆိုဖွယ်မရှိပါ။ အထူးသဖြင့် စီးကရက်များကို ထုတ်လုပ်သူများက သောက်မိလျှင် စွဲလမ်းသွားရန်အတွက် သိပ္ပံနည်းကျဖော်စပ်ထားကြောင်း သိလာရသောအခါတွင်မှ စီးကရက်အန္တရာယ်ကို ပို၍ကျယ်ကျယ်လောင်လောင်ပြောဆိုကန့်ကွက်လာကြရုံမက ဥပဒေများရေးဆွဲကာ အရေးယူမှုများ ပြုလုပ်လာကြခြင်း ဖြစ်ပါသည်။

ဆေးလိပ်သောက်သူမှာ "ကိုယ်ဖြစ်ကိုယ်ခံ" ဟု ပြော၍မရတော့ပါ။ ကိုယ်တိုင်ဆေးလိပ်မသောက်တတ်ဘဲနှင့် ဆေးငွေ့များ ရှူရှိုက်ရရင်း ရောဂါရသည့်အဖြစ်အပျက်များ မိသားစုအတွင်း၊ လူ့အဖွဲ့အစည်းအတွင်း အတွေ့ရများလာသဖြင့် ထိုဒုတိယအဆင့် ဆေးလိပ်အန္တရာယ် (Second Hand Smoking) ကို ကာကွယ်တားဆီးလာကြရပါသည်။

ထပ်မံ၍ သုတေသနပြုပြန်သောအခါ Third Hand Smoking ခေါ် တတိယအဆင့် ဆေးလိပ်အန္တရာယ်ကို တွေ့လာကြရပြန်ပါသည်။ ဆေးလိပ်သောက်သွားသူနေခဲ့သော အိမ်ခန်း၊ ရုံးခန်း၊ ဟိုတယ်ခန်း၊ ကား စသည်တို့တွင် ဆေးလိပ်ငွေ့များ၊ ဆေးလိပ်ဆီများ စွဲ၍ကျန်နေရာ ထိုနေရာသို့ ရောက်သွားသူများမှာ ဆေးလိပ်လည်းမသောက်ရ၊ ဆေးလိပ်ငွေ့လည်း မရှူရဘဲနှင့် ဆေးလိပ်မှ အဆိပ်များကြောင့် ကျန်းမာရေးထိခိုက်လာကြောင်း တွေ့ရလေသည်။ အထူးသဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များမှာ အန္တရာယ်ရှိလာသဖြင့် သတိပြုရန် တိုက်တွန်းခြင်း၊ ဆေးလိပ်သောက်ခွင့် မပြုသောနေရာများ သတ်မှတ်ရာတွင် ဟိုတယ်ခန်းများကိုပါ သတ်မှတ်ခြင်းပြုလာကြရပါသည်။

### ဥပဒေအရ တားမြစ်ပိတ်ပင်

ခေတ်ကလည်း "ကိုယ်ဖြစ်ကိုယ်ခံ" ခေတ်အဖြစ် ပြောင်းလဲလာခဲ့ရာ ဆေးလိပ်သောက်သူ၏အခွင့်အရေးအတွက် ဆေးလိပ်သောက်ရန်နေရာများကို စီစဉ်ပေးရန် သတ်မှတ်ကြပြန်ပါသည်။ စူပါမားကတ်ကြီးများ၊ ဈေးဆိုင်များထဲတွင် ဆေးလိပ်မသောက်ရသောအခါ အပြင်ဘက်တွင် ဆေးလိပ်ငွေ့ထောင်းထောင်းထအောင် ထွက်သောက်နေသူများ ရှိလာ၏။ ထိုသူများကို ထပ်မံကန့်သတ်သည့်အနေဖြင့် စင်ကာပူနိုင်ငံတွင် လူစည်ကားရာ အောချတ်လမ်း (Orchard Road) တွင် ဆေးလိပ်လုံးဝမသောက်ရန် ကန့်သတ်လိုက်သည်မှာ မကြာသေးပါ။ လူတစ်ဦးချင်း၏အခွင့်အရေးနှင့် လူများစုကြီး၏အခွင့်အရေး ထိပ်တိုက်မတွေ့ရန် ဥပဒေအရ တားမြစ်ပိတ်ပင်ထားကြရပါသည်။

သို့သော်ဥပဒေဆိုသည်မှာ ထိရောက်စွာအရေးယူမှုမရှိပါက "စက္ကူကျား" သာလျှင် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံတွင်မူ ကျန်းမာရေးကို ဦးစားပေးပြီး လူများစုထိခိုက်စေမည့် ဥပဒေချိုးဖောက်မှုများကို မည်သို့ထိရောက်စွာ အရေးယူသလဲဆိုသည်ကို သိလိုလျှင် လေ့လာနိုင်ပါသည်။ နိုင်ငံကြီးသားတာဝန် (Civic Duty of Citizens) ကျေပွန်ဖို့ရာ များများအရေးယူ၍ ဒဏ်ကြေးများများရိုက်သည့်နည်းကို တွင်တွင်သုံးစွဲနေရာတွင် ဆေးလိပ်သောက်သည့်ကိစ္စလည်းပါ၏။ ကွမ်းတံတွေးထွေးခြင်းကိစ္စလည်း ပါဝင်နေ၏။

### ကျန်းမာရေးအတွက် အန္တရာယ်ရှိနေဆဲ

ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ် ကြီးထွားလာရာတွင် ကွမ်းတံတွေးထွေးခြင်း၏အန္တရာယ်ကို မြန်မာနိုင်ငံမှာလည်း အသိပညာပေးနေသည်ကို တွေ့ရ၏။ မြန်မာတို့၏ ၄၉ ရာခိုင်နှုန်းသည် ကွမ်းစားကြကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးရှိသူအများစုမှာ ရောဂါလက္ခဏာ မပြကြကြောင်း၊ ထိုသူများ၏ တံတွေးထဲတွင် ကိုဗစ်-၁၉ ပါဝင်မှုနှုန်းသည် ၉၀ ရာခိုင်နှုန်းကျော်ကျော်ရှိနေကြောင်း၊ သို့ဖြစ်၍ ကွမ်းတံတွေးများကို တွေ့ကရာ မထွေးကြရန် ပညာပေးထားသည်ကို တွေ့ရလေသည်။ နေရာအချို့တွင် ကွမ်းတံတွေးထွေးလျှင် ဒဏ်ငွေမည်ရွေ့မည်မျှရိုက်မည်ဖြစ်ကြောင်း သတိပေးစာကပ်ထားသည်ကိုလည်း တွေ့ရ၏။ ပြောထား၊ ကန့်သတ်ထားသည့်အတိုင်းမလုပ်ဘဲ လူထုကျန်းမာရေးထိခိုက်အောင် လုပ်သူများကို မည်သို့အရေးယူပြီးဖြစ်ကြောင်း ကြေညာချက်များတွင် ပေါ်ထွက်လာခြင်းမရှိသေးသည်ဖြစ်၍ လူတိုင်း၏ကျန်းမာရေးအတွက် အန္တရာယ်ရှိနေဆဲဖြစ်ပါသည်။

တစ်ဖက်ကကြည့်လျှင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ဘာသာရေးအရအပြစ်မရှိပါ။ ဆေးလိပ်သောက်ခြင်းကို တစ်ကမ္ဘာလုံးက အားရပါးရ သောက်သုံးခဲ့ကြပြီး ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ဆေးလိပ်စီးကရက်ထုတ်လုပ်ခြင်းကိုလည်း ယနေ့ထက်ထိ ကန့်သတ်ပိတ်ပင်ခြင်းမရှိပါ။ ဆေးလိပ်လက်လီရောင်းသူများနှင့် ဆေးလိပ်သောက်သူများကိုသာ ပစ်မှတ်ထား၍ အရေးယူနေခြင်းကိုလည်း ရှားရှားပါးပါးတွေ့ရပါသည်။ သတ်မှတ်ထားသောဥပဒေမှာလည်း လက်တွေ့ကျင့်သုံးရာ၌ အခက်အခဲများစွာရှိပါသည်။

ကွမ်းစားခြင်းမှာလည်း အရှေ့အလယ်ပိုင်းမှစ၍ အရှေ့တိုင်းတစ်ခွင်လုံး သုံးဆောင်နေကြကာ ဘာသာရေးအရ၊ လူမှုရေးအရ ကန့်သတ်မှုမရှိသဖြင့် အားရပါးရသုံးဆောင်နေကြပါသည်။ ကွမ်းစားခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများကြောင်း ပညာပေးမှုများမှာ လူတို့၏ အစဉ်အလာဓလေ့ထုံးစံများအကြားတွင် မှုန်ဝါးဝါးဖြစ်၍နေပါသည်။

ဆေးလိပ်များ၊ စီးကရက်များ၊ ကွမ်းယာများတွင် ဘာတွေကောင်း၍ သုံးဆောင်သည်ကို မသိကြသလို ဘာတွေမကောင်း၍ ဖြတ်ကြသည်ကိုလည်း တိုင်းတာရန်မလွယ်ပါ။

ကြိုက်၍ သုံးသည်။ သို့သော် မကြိုက်သူများသောကြောင့် ဖြတ်သည်ဟူ၍သာ---။

# ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများကျူးလွန်

**နေပြည်တော် နိုဝင်ဘာ ၅**

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာ နေထိုင်ကြသော ပြည်သူများ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများကို လုယက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပညာသင်ကြားရမည့် ကျောင်းသား ကျောင်းသူများ၏ စာသင်နှစ် နှစ်နာမှုမရှိစေရန်အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် ထိခိုက်ပျက်စီးစေလိုသော အကြမ်းဖက်သမားများက အနန္တဂိုဏ်းဝင် ဆရာ ဆရာများ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်ခြင်းများအပြင် လုပ်ကြံသတ်ဖြတ်သည် အထိပါ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်နေ အထက်တန်းပြဆရာမ ဒေါ်လှလှသန်း(၅၅ နှစ်)သည် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ အငှားယာဉ်ဖြင့် သွားရောက်စဉ် အဆိုပါ ရပ်ကွက် သုခမ္မာလမ်းရှိ ကလေးပစ္စည်းအရောင်းဆိုင်ရှေ့သို့အရောက်၌ အကြမ်းဖက်အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်၍ ထွက်ပြေးခဲ့ရာ ဒေါ်လှလှသန်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိပြီး ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာ နေရာအနီးမှ ကျည်ခွံနှစ်ခုနှင့် ကျည်ဖူးပါ ကျည်တစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။



ကန့်ကြီးထောင့်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းအား မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးမှုနှင့် လက်လုပ်မိုင်းအပိုင်းအစများကို တွေ့ရစဉ်။



သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးသွားသည့် အထက်တန်းပြဆရာမ ဒေါ်လှလှသန်း။

အလားတူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးခင်မောင်သန်း (၅၉ နှစ်)သည် နိုဝင်ဘာ ၁ ရက် ညနေပိုင်းတွင် ၎င်း၏နေအိမ်ရှိရာ လက်ခုပ်ပင်ကျေးရွာသို့ ပြန်လာစဉ် ပျောက်ဆုံးသွားခြင်းကြောင့် လိုက်လံရှာဖွေခဲ့ရာ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကြူအိုင်ကျေးရွာ အနီးရှိ ယာတောအတွင်းမှ ၎င်း၏အလောင်းကို လည်ပင်းပြတ်ရှဒဏ်ရာဖြင့် ရှာဖွေတွေ့ရှိခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများနှင့် ပညာသင်ကြားရန် စေလွှတ်ပေးသည့် မိဘအုပ်ထိန်းသူများ အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဦးတည်လုပ်ဆောင်လျက်ရှိကြရာ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ၈၂ လမ်းနှင့် စစ်ကိုင်းလမ်းခွဲထောင့်ရှိ အခြေခံပညာကျောင်းဝင်းအတွင်းသို့ စစ်ကိုင်းလမ်းခွဲအတိုင်း ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမားနှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းအုတ်တံတိုင်းဘေးရှိ ရေအိုင်အတွင်း၌ အဆိုပါ လက်ပစ်ဗုံးအားတွေ့ရှိသဖြင့် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်မဖြစ်စေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အလားတူ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ရွေး)အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာသူ၊ ကျေးရွာသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် စာသင်ကျောင်းစတိုခန်းရှိ ကျောင်းပရိဘောဂပစ္စည်းများနှင့် ပြတင်းပေါက်တံခါးများ မီးလောင်ပျက်စီးခဲ့ပြီး ၎င်းနေရာအနီးမှ PVC ပိုက်အပိုင်းအစ ခုနစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများသည် အနာဂတ်မျိုးဆက်သစ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ပညာသင်ကြားသည့် အဆောက်အဦများ ထိခိုက်ပျက်စီးစေသည့်အပြင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မိဘပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အကြမ်းဖက်လုပ်ရပ်များကို တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လှျပ်တစ်ပြက်ဖိတ်ခေါ် လက်ရည်စစ်လှေလှော်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လျှပ်တစ်ပြက် ဖိတ်ခေါ်လက်ရည်စစ် လှေလှော်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အင်းလျားကန်၌ ကျင်းပသည်။

အစီအစဉ်အရ အမျိုးသားမီတာ(၅၀၀) ငါးမြွေထိုးလှေ ငါးယောက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော လက်ရွေးစင်ဟောင်းများ (က) အသင်းမှ ထွန်းထွန်းနိုင်နှင့်အဖွဲ့၊ ဒုတိယဆုရရှိသော မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် (က)အသင်းမှ စိုင်းဖြိုးကျော်နှင့်အဖွဲ့၊ တတိယဆုရရှိသော လက်ရွေးစင်ဟောင်းများ (ခ) အသင်းမှ မျိုးကိုကိုနှင့်အဖွဲ့တို့ကို ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ အမျိုးသမီး မီတာ(၅၀၀) ငါးမြွေထိုးလှေ ငါးယောက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော မလင်းလင်းကျော်နှင့်အဖွဲ့၊ ဒုတိယဆုရရှိသော မစန္ဒာရွှေနှင့်အဖွဲ့၊ တတိယဆုရရှိသော မအေးအေးသိန်း နှင့်အဖွဲ့တို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးမီတာ(၅၀၀) (Dragon Boat) ခြောက်ယောက်လှော် ပြိုင်ပွဲတွင် ပထမဆုရရှိသော မလှလှထွေးနှင့် မသီတာဦးတို့အဖွဲ့၊ ဒုတိယဆုရရှိသော မအေးအေးသိန်းနှင့် မမာန်ဟွဲ့ဖောင်တို့အဖွဲ့၊ တတိယဆုရရှိသော မစန္ဒာရွှေနှင့် မအိဖြူတို့အဖွဲ့တို့ကို အားကစားနှင့်ကာယပညာ သိပ္ပံ (ရန်ကုန်) ညွှန်ကြားရေးမှူးက လည်းကောင်း၊ အမျိုးသားမီတာ(၅၀၀) (Dragon Boat) ခြောက်ယောက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ် (ခ)အသင်းမှ ထူးထူးအောင်နှင့် အဖွဲ့၊ ဒုတိယဆုရရှိသော လက်ရွေးစင်ဟောင်းများ (က) အသင်း မှ စိုင်းစံဟိန်းနှင့်အဖွဲ့၊ တတိယဆုရရှိသော မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် (က) အသင်းမှ သန်းဌေးအောင်နှင့်အဖွဲ့တို့ကို မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားမီတာ(၅၀၀) (Dragon Boat) ၁၂ ယောက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော လက်ရွေးစင်ဟောင်းများ (က) အသင်း၊ ဒုတိယဆုရရှိသော မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် (က) အသင်းတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆုများချီးမြှင့်ခဲ့ကြောင်းနှင့် ကျန်ရှိသော ပြိုင်ပွဲများကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိန်းကလေးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်စေခိုင်းသည့်အပြင် လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၅**

မိန်းကလေးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ် စေခိုင်းသည့်အပြင် လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက်နေ သန်းစိုးအောင် ( မိ )နှင့် မိခင်ဖြစ်သူ ဒေါ်ယဉ်နွယ် (တိမ်းရှောင်)တို့က ပဲခူးမြို့နေ မXXX၊ (၂၀ နှစ်)အားတရုတ်နိုင်ငံရှိ ရေသန့်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားတစ်ဦးနှင့် ပေါင်းသင်းနေထိုင်ခဲ့ရသည့်အပြင် တရုတ်ပြည်၌ ကြက်သွန်မြိတ်ခွာသည့် အလုပ်လုပ်ကိုင်ခဲ့ရသော်လည်း ငွေကြေးတစ်စုံတစ်ရာရရှိခြင်းမရှိဘဲ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သောကြောင့် ပဲခူးမြို့မ ရဲစခန်း(ပ) ၂၂၁၈/ ၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် တရားခံ သန်းစိုးအောင်ကို လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံကို တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် သွေးသစ်ဝင်းလှိုင် (Family) နှင့် ရွှေခလိန်းမီး (ဘိလပ်မြေစက်ရုံ)၊ ကြယ်လင်းအောင် (တောင်ကလေး ) နှင့် ရန်နိုင်ထွန်း (ဖွဲ့ကပင်မြေ )၊ သပြေညို (ဘိလပ်မြေစက်ရုံ )နှင့် ရဲသွေးနီ (တောင်ကလေး)၊ ကျားပေါက် (ရန်စစ်ငြိမ်း)နှင့် စောမင်းအောင် (တောင်ကလေး)၊ မိုက်ရိုင်း (ရွှေဖူး)နှင့်ပတ်ကျော်လင်းနိုင်(တိုက်ဂါး)၊ အောင်ခိုင်(ဘိလပ်မြေစက်ရုံ)နှင့် နေထူးထူး (တောင်ကလေး)၊စောမင်းနိုင် (သုံးပန်လှ) နှင့် အောင်နေထူး (တောင်ကလေး)၊ အောင်ရဲလင်း (တိုက်ဂါး) နှင့် စောနိုင်ထွန်း(ရန်စစ်ငြိမ်း )တို့တွဲဆိုင်းများအပါအဝင် တွဲဆိုင်း ၃၂ ဆိုင်းဖြင့် သူနိုင်ကိုယ်နိုင်အပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပွဲဝေးနေသည့် ပရိသတ်အတွက် အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်းများဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# အစ္စရေးနိုင်ငံတွင် အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးများကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးသင့် မသင့် လူထုဆွေးနွေး

**ဂျေရုဆလင် နိုဝင်ဘာ ၅**

အစ္စရေးကျန်းမာရေးဝန်ကြီးဌာနသည် အသက်ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးရန်အတွက် လူထုဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေးနာရီကြာအစည်းအဝေးကို တိုက်ရိုက်ထုတ်လွှင့်ခဲ့ပြီး ကလေးများတွင် ကာကွယ်ဆေးထိုးပေးသင့် မသင့် မဆုံးဖြတ်ရသေးမီ ဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုးပေးခြင်းဆိုင်ရာ ကော်မတီနှင့် ကပ်ရောဂါတုံ့ပြန်ရေးအသင်းတို့ကို တင်ပြရန် ရည်ရွယ်ထားသည်။ အမေရိကန် ဆေးဝါးနှင့် အစားအသောက်ကြီးကြပ်ကွပ်ကဲရေးဌာနက ကလေးငယ်များအတွက် အရေးပေါ်ဆေးဝါးအဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ခွင့်ပြုချက်ပေးပြီးနောက် ခြောက်ရက်အကြာတွင် ယခုလို ဆွေးနွေးမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် အစ္စရေးလူထုမှ သက်ဆိုင်ရာနယ်ပယ်အသီးသီးကို ကိုယ်စားပြုသော လူ ၁၆ ဦးပါဝင်ခဲ့သည်။ ပြည်သူလူထုက ပေးပို့ခဲ့သောမေးခွန်းများထဲမှ ရွေးချယ်ထားသည့် မေးခွန်းများကို ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများက ဖြေကြားခဲ့ကြသည်။

လာမည့်ရက်များအတွင်း နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်သွားရန်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးရှိ ကလေးများကို ကာကွယ်ဆေး ထိုးပေးသင့် မသင့် ထောက်ခံချက်ပေးရန် အချက်အလက်များကို ဝန်ကြီးဌာန ကော်မတီနှင့်အဖွဲ့တို့က လေ့လာသုံးသပ်မှုများ ပြုလုပ်သွားမည်ဟု သိရသည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးသည့်အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ပြီး ပထမအဆင့်အနေဖြင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို



အစ္စရေးနိုင်ငံတွင် ဇူလိုင် ၁၉ ရက်က လူငယ်တစ်ဦးကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

ဦးစားပေးထိုးနှံပေးခဲ့သည်။ ထို့နောက် ကာကွယ်ဆေးထိုးနိုင်သည့်အသက်အုပ်စုကိုတဖြည်းဖြည်းချင်း လျှော့ချပေးခဲ့သည်။ ထို့နောက် အသက် ၁၂ နှစ်နှင့်အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခဲ့သည်။

ဆင်ဟွာ

# ယူကရိန်းနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်မှုပေါင်း သုံးသန်းကျော်လာပြီဖြစ်

**ကိယက်ဗ် နိုဝင်ဘာ ၅**

ယူကရိန်းနိုင်ငံတွင် နိုဝင်ဘာ ၄ ရက်အထိ ကိုဗစ်- ၁၉ ကူးစက်မှုပေါင်း ၃၀၀၆၄၆၃ ဦးနှင့် သေဆုံးသူ ၇၀၁၃၄၆ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

ထိုစဉ် ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာလည်း ၂၄၇၉၁၃၈ ဦးအထိရှိလာသည်ဟု သိရသည်။



ကိယက်ဗ်မြို့ ဆိုဖီရာရင်ပြင်တွင် ပါးစပ်၊ နှာခေါင်းစည်း ဝတ်ဆင်ကာသွားလာနေကြသူများအား တွေ့ရစဉ်။

နိုဝင်ဘာ ၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၇၃၇၇ ဦးကို တွေ့ရှိခဲ့ရသည်။ နွေရာသီအကုန်ပိုင်းမှစတင်ကာ ယူကရိန်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းနှင့် ဆေးရုံတက်ရမှုပေါင်းမှာ တဖြည်းဖြည်းချင်း မြင့်မားလာသည်။

ဆေးရုံများတွင် လူနာခုတင် ၇၀ ရာခိုင်နှုန်းမှာ ကိုဗစ် - ၁၉ လူနာများအတွက် ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ယူကရိန်းနိုင်ငံတွင် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများ ပြုလုပ်ခဲ့သည်။

ယူကရိန်းနိုင်ငံတွင် ၇ ဒသမ ၆ သန်းကျော်ကို နှစ်ကြိမ်ကာကွယ်ဆေးအပြည့် ထိုးပြီးပြီဖြစ်ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## ရေနံထုတ်လုပ်သည့်နိုင်ငံများ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်မည်

**ဗီယင်နာ နိုဝင်ဘာ ၅**

ကမ္ဘာ့အကြီးဆုံး ရေနံထုတ်လုပ်သည့်နိုင်ငံများသည် အဖွဲ့ကြီး၏ လက်ရှိချမှတ်ထားသည့်အစီအစဉ်ထက် ကျော်လွန်၍ ရေနံတိုးမြှင့်ထုတ်လုပ်မှုများ မပြုလုပ်ရန်အတွက် ဆုံးဖြတ်ခဲ့ကြသည်။

အိုပက်အဖွဲ့ဟု အမည်ရသည့် ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများအသင်းသည် ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို အွန်လိုင်းပေါ်မှ တစ်ဆင့် ကျင်းပခဲ့သည်။ ရုရှားနိုင်ငံကဲ့သို့ အခြားသော ရေနံထုတ်လုပ်သည့်နိုင်ငံများသည်လည်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရေနံလိုအပ်ချက် တိုးလာသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံထောက်ပံ့ပေးနိုင်မှုမှာ ကျဆင်းလျက် ရှိသည်။ ကိုဗစ်- ၁၉ ကူးစက်မှုကြောင့် ရပ်နားထားရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်လာပြီဖြစ်သည့်အတွက် ရေနံလိုလားချက် မြင့်မားလာခြင်းဖြစ်သည်။ ရေနံထုတ်လုပ်သည့်နိုင်ငံများသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၀၀၀၀၀ ထုတ်လုပ်ခြင်းဖြင့် လစဉ်ထုတ်လုပ်မှုကို တိုးမြှင့်သွားရန် ၎င်းတို့၏ လက်ရှိအစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်သွားရန် သဘောတူထားသည်။ အမေရိကန်၊ ဂျပန်နှင့် အခြားသောနိုင်ငံများသည် ရေနံထုတ်လုပ်သူများကို တိုးမြှင့်ထုတ်လုပ်ရန် တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

## လစ်ဗျားနိုင်ငံမှ နိုင်ငံခြားတပ်များ ထွက်ခွာရေးအတွက် ထောက်ပံ့ပေးကြရန် ကုလသမဂ္ဂ တောင်းဆို

**ထရီပိုလီ နိုဝင်ဘာ ၅**

ကုလသမဂ္ဂ လစ်ဗျားနိုင်ငံဆိုင်ရာ ကူညီထောက်ပံ့ပေးရေးအဖွဲ့သည် လစ်ဗျားနိုင်ငံအတွင်းမှ နိုင်ငံခြားတပ်များ ထွက်ခွာရေးအတွက် ထောက်ပံ့ပေးကြရန် နိုဝင်ဘာ ၄ ရက်က တောင်းဆိုခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပူးတွဲစစ်ရေးကော်မတီနှင့် လစ်ဗျားအာဏာပိုင်များကို ထောက်ခံပေးကြရန်နှင့် အိမ်နီးချင်းနိုင်ငံများကလည်း နိုင်ငံခြားတပ်များ ထွက်ခွာနိုင်ရေး တိုင်းပြည်တည်ငြိမ်ရေးအတွက် အကူအညီပေးကြရန် တောင်းဆိုခဲ့သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင်ပြုလုပ်သည့် ဂျေအမ်စီ အစည်းအဝေးတွင် ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ပြုလုပ်သည့် သုံးရက်ကြာအစည်းအဝေးတွင် ချဒ်၊ နိုင်ဂျာနှင့် ဆူဒန်နိုင်ငံတို့သည် ပိုမိုအကျိုးရှိသည့်ဆက်သွယ်ရေး စတင်ရန်နှင့် လစ်ဗျားနိုင်ငံအတွင်းမှ နိုင်ငံခြားတပ်များ ထွက်ခွာသွားရေးအတွက် ကူညီထောက်ပံ့ပေးကြရန် သဘောတူခဲ့သည်။

ဆင်ဟွာ

# လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀၀၀ ကျော်မှ ကလေးငယ်၏ ဦးခေါင်းခွံကို တောင်အာဖရိက သုတေသီများ ရှာဖွေတွေ့ရှိ

**ဂျိုဟန်နက်စ်ဘာ့ဂ် နိုဝင်ဘာ ၅**

ဝစ်ထ်ဝါးတားစတန်းတက္ကသိုလ်နှင့် အခြားသော တက္ကသိုလ် ၁၃ ခုမှ သုတေသီများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀၀၀ နီးပါးခန့်က သေဆုံးခဲ့သော ကလေးငယ်၏ ဦးခေါင်းနှင့် သွားအစိတ်အပိုင်းများကို တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၄ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါကလေးငယ်မှာ အသက်လေးနှစ်မှ ခြောက်နှစ်ကြားရှိမည်ဟု ခန့်မှန်းရသည်။ ဦးခေါင်းခွံအစိတ်အပိုင်းကို တောင်အာဖရိကရှိ ရုပ်ကြွင်းများနှင့် ရှေးဦးလူသားများ၏အကြွင်းအကျန်များ အများဆုံးတွေ့ရှိရာနေရာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် လီရော်ဂျာ ဘာဂါက ပြောသည်။

အဆိုပါနေရာမှာ ဂျိုဟန်နက်စ်ဘာ့ဂ်မြို့အနီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာလည်းဖြစ်သည်။

ဆင်ဟွာ



သုတေသနအဖွဲ့ခေါင်းဆောင် လီရော်ဂျာ ဘာဂါက ကလေးဦးခေါင်းခွံကို ပြသနေစဉ်။

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးသူ ၇၇ ဒသမ ၆၈ သန်းရှိလာ

**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ၌ နိုဝင်ဘာ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၁၈ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၄၇၃၂၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အတူကိုဗစ်-၁၉ ကြောင့် ၁၉ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၄၃၅၁၉ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၆၄၈ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၉၂၅၈၆ ဦးအထိ ရှိလာသည်။

တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေး ဆီနိုဗက်ကို အရေးပေါ်အသုံးပြုရန် သက်ဆိုင်ရာအာဏာပိုင်များက အတည်ပြုလိုက်ချိန်မှစကာ အင်ဒိုနီးရှားနိုင်ငံတွင် အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်ခဲ့သည်။

ယနေ့အချိန်အထိ လူပေါင်းအနည်းဆုံး ၇၇ ဒသမ ၆၈ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်းသိရကာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၂၃ ဒသမ ၈၂ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**



ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသူများ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ လမ်းတစ်ခုပေါ်တွင် သွားလာလှုပ်ရှားနေသည်ကိုတွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄ သန်း ကျော်လွန်လာ

**နယူးဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၇၂၉ ဦးရှိလာသောကြောင့် နိုဝင်ဘာ ၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၃၃၃၇၅၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကိုတွေ့ရစဉ်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၂၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၅၉၈၇၃ ဦးအထိ ရှိလာခဲ့သည်။

တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာ ပြည်နယ်ဖြစ်သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၄၈၉၂၂ ဦးအထိ ရှိလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၃ ဦး မြင့်တက်လာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၇၂၄၉၅၉ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၂၁၆၅ ဦးရှိသည်။ **ဆင်ဟွာ**

## အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၅၂ သန်းကျော်ရှိ

**အဒစ်အဘာဘာ နိုဝင်ဘာ ၅**

အာဖရိကတွင် နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၅၂၀၈၇၃ ဦး ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၁၉၁၂၁ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၇၉၂၅၀၁၃ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၉၂၃၀၅၄ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးစံချိန်တင်ဖော်ပြခဲ့ပြီး အာဖရိကမြောက်ပိုင်းနိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် နိုဝင်ဘာ ၅ ရက် မွန်းလွဲအထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၄၆၉၅၇ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ အန္တရာယ်ကို ဆက်လက်သတိထားနေထိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန တိုက်တွန်း

**မနီလာ နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၇၆ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၉၇၉၈၆ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၂၆၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၄၄၀၈၅ ဦးအထိ ရှိလာခဲ့သည်။

မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ စည်းမျဉ်းများ ထပ်မံဖြေလျှော့ပေးနေသောကြောင့် ပြည်သူလူထုကို သတိထားပြီး ဆက်လက်နေထိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲ မာရီယာ ရိုဆာရီယို ဗာဂျီရီက တိုက်တွန်းထားသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းကို လုံးဝတွန်းလှန်မဖယ်ရှားနိုင်သေးကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်သုံးကြိမ် ရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။

နောက်ဆုံး ကိုဗစ်-၁၉ ရောဂါသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက် တစ်နေ့တည်း ကိုဗစ်-၁၉ ဖြင့် ကူးစက်သူ ၂၆၃၀၃ ဦးဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။



ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးဘူးများကို ပြသနေစဉ်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၁ ဒသမ ၅ သန်း ကျော်လွန်လာပြီဖြစ်သည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်း ၈၆ သန်းကျော်ရှိ

**ဟနွိုင်း နိုဝင်ဘာ ၅**

ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၅၀၄ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၁၇ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၇၄၈၇ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၅၃၅၄၇ ဦးအထိ ရှိလာပြီး ၂၂၄၁၂ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှု အများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၉၁၂ ဦး၊ အနီးနားရှိဘင်ဒေါင်းပြည်နယ်မှ ၉၁၇ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၉၅၃ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၈၃၇၃၄၇ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်းမှာလည်း ၈၆ သန်း ကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# အီရန်ရဲ့ နျူကလီးယားဆွေးနွေးမှု ပြန်လည်စတင်မယ့် ဆုံးဖြတ်ချက်ဟာ အနောက်အုပ်စုတွေရဲ့ ဖိအားပေးမှုတွေကို လျှော့ချနိုင်မှာလား

*လင်းဟန်သစ်*

အရင်က ဘက်ပေါင်းစုံ ပူးပေါင်းလုပ်ဆောင်ရေးလုပ်ငန်း အစီအစဉ် (ဂျေစီပီအိုအေ)လို့ခေါ်တဲ့ ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်အသက်သွင်းဖို့ ဆွေးနွေးပွဲတွေ ရပ်ဆိုင်းသွားပြီး ငါးလအကြာမှာတော့ အီရန်နဲ့ ဥရောပသမဂ္ဂတို့ဟာ ရပ်ဆိုင်းထားတဲ့ ဆွေးနွေးပွဲတွေကို နောက်တစ်ကြိမ် ပြန်လည်အသက်သွင်းဖို့ ခြေလှမ်းတစ်ရပ် စတင်လိုက်တဲ့အနေနဲ့ နိုဝင်ဘာ ၂၉ ရက်ကို ဆွေးနွေးပွဲတွေ ပြန်လည်စတင်မယ့်ရက်အဖြစ် ကြေညာခဲ့ပါတယ်။



အီရန်သမ္မတ အီဘရာဟင်ရိုင်စီ။

နျူကလီးယားအရေး ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ တိုးတက်မှုဖြစ်စဉ်တွေ နှေးကွေးနေသော်လည်း ဆွေးနွေးပွဲကို ပြန်လည်စတင်ဖို့ အီရန်ရဲ့ သဘောတူညီမှုဟာ အနောက်အုပ်စုရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်လို့ အီရန်ကျွမ်းကျင်သူတွေက မှတ်ချက်ပြုဖော်ပြထားပါတယ်။

## အချိန်ကိုက်ဆုံးဖြတ်ချက်

အစောပိုင်းညှိနှိုင်းဆွေးနွေးမှု ခြောက်ကြိမ်လုံးဟာ အီရန်နျူကလီးယားအစီအစဉ်ကို ဆက်လက်စောင့်ကြည့်လို့ရမယ့် ဂျေစီပီအိုအေကို ပြန်လည်အသက်သွင်းဖို့ ရည်ရွယ်ခဲ့သလို အီရန်အပေါ် အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးဖို့ အခွင့်အရေးတွေကိုလည်း ဖော်ဆောင်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ အီရန်နိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲဖြစ်စဉ်တွေနဲ့ အစိုးရအပြောင်းအလဲတွေက နျူကလီးယားဆွေးနွေးမှုကို ဟန့်တားနှောင့်ယှက်သလို ဖြစ်စေခဲ့ပါတယ်။

ပထဝီနိုင်ငံရေးဆိုင်ရာ ပါမောက္ခနဲ့ နိုင်ငံတကာရေးရာကျွမ်းကျင်သူ အီရန်နိုင်ငံသား အက်ဘ်ဒေါ်ရီဇာဖာရာဂျီရက်ဒ်က နျူကလီးယားဆွေးနွေးပွဲ ပြန်လည်စတင်မယ်လို့ ကြေညာလိုက်တာဟာ နိုင်ငံအရေးကို အနောက်ဘက်ကို ယိမ်းယိုင်ခွင့်ပြုမှာမဟုတ်တဲ့ အီရန်ရဲ့ အချိန်ကိုက်ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

## လွှမ်းမိုးဖို့ကြိုးစားနေ

အီရန်ဟာ ဂျေစီပီအိုအေကနေ ဆုတ်ခွာနေတဲ့ပုံစံမျိုး ဥရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ လွန်ခဲ့တဲ့ သီတင်းပတ်တွေက ပြုမူဆောင်ရွက်ခဲ့တယ်လို့ ဖာရာဂျီရက်ဒ်က ရှင်းလင်းပြောကြားခဲ့ပါတယ်။

ရောမမှာပြုလုပ်ခဲ့တဲ့ ဂျီ-၂၀ ဆွေးနွေးပွဲရဲ့ သီးသန့်တွေ့ဆုံဆွေးနွေးပွဲပြီးနောက် အောက်တိုဘာ ၃၀ ရက်ညနေက ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်ခေါင်းဆောင်များနဲ့အတူ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ အီရန်သမ္မတဖြစ်တဲ့ အီဘရာဟင်ရိုင်စီအား အခွင့်အရေးကို အမိအရယူပြီး မိမိတို့ရဲ့ညှိနှိုင်းဆွေးနွေးချက်တွေကို အဆုံးသတ်ဖို့ ကောင်းမွန်တဲ့ ယုံကြည်ချက်နဲ့ ပြန်လာဖို့ တိုက်တွန်းပြောကြားထားပါတယ်။

ဂျေစီပီအိုအေက ထွက်ခွာခဲ့တာ အမေရိကန်လို့မမြင်စေဘဲ အီရန်ရဲ့ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်လို့ဆိုတဲ့ အတွေးတွေနဲ့ အနောက်နိုင်ငံတွေက ကမ္ဘာ့ပြည်သူ့အမြင်တွေကို လွှမ်းမိုးဖို့ ကြိုးစားနေပါတယ်လို့ ဖာရာဂျီရက်ဒ်က ပြောပါတယ်။ သူဟာ နော်ဝေနဲ့ ဟန်ဂေရီဆိုင်ရာ အီရန်သံအမတ်ဟောင်းတစ်ဦးလည်းဖြစ်ပါတယ်။

## အကောင်အထည်ဖော်ဖို့ ကတိပြု

နိုင်ငံတကာရေးရာ ကျွမ်းကျင်သူ အီရန်လူမျိုး အလီဘစ်ဒယ်လီရဲ့ ပြောကြားချက်ကို ကိုးကားပြီး အက်ဘ်တီကာနေ့စဉ်သတင်းစာမှာ ဖော်ပြထားတာကတော့ နျူကလီးယားဆွေးနွေးပွဲ ပြန်လည်စတင်ခြင်းဟာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အုပ်ချုပ်မှုအဖွဲ့ရဲ့ အီရန်အပေါ်ဖြစ်နိုင်တဲ့ ဆုံးဖြတ်ချက်ဥပဒေပြဋ္ဌာန်းခြင်းကို တစ်စိတ်တစ်ပိုင်းကာကွယ်ပေးလိုခြင်း သို့မဟုတ် အီရန်နဲ့ နျူကလီးယားအမှုတွဲကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ လွှဲပြောင်းခြင်းကို ကာကွယ်ပေးလိုခြင်းဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဇွန်လမှာ သမ္မတရိုင်စီကို အီရန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းပြီးတဲ့နောက်မှာ အီရန်အရာရှိတွေဟာ အရင်တုန်းက ညှိနှိုင်းဆွေးနွေးခဲ့တာကို ပြန်လည်သုံးသပ်ပြီး နျူကလီးယားဆွေးနွေးပွဲကို ပြန်လည်စတင်ဖို့ ထပ်တလဲလဲ တောင်းဆိုခဲ့သလို ဂျေစီပီအိုအေပါ ကတိကဝတ်တွေကို စတင်အကောင်အထည်ဖော်ဖို့ ကတိပြုခဲ့ကြပါတယ်။

## ဆန့်ကျင်သံတွေထွက်နေဦးမယ်

တစ်ချိန်တည်းမှာပဲ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ဟာ ၂၀၁၈ ခုနှစ်မှာ နျူကလီးယားစာချုပ်က နုတ်ထွက်ခဲ့ပြီးနောက် အီရန်အပေါ်ချမှတ်ထားတဲ့ အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ဖြစ်နိုင်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကို ရလဒ်ဗဟိုပြုချဉ်းကပ်မှုပုံစံမျိုးဖြစ်စဖို့ အီရန်အရာရှိတွေက တိုက်တွန်းခဲ့ပါတယ်။

အီရန်လူမျိုးကျွမ်းကျင်သူတွေကတော့ လာမယ့်ဆွေးနွေးပွဲမှာ သဘောတူညီချက်တစ်ခုရရှိဖို့လမ်းကြောင်းဟာ ချောမွေ့မှာမဟုတ်ဘူးလို့ ယုံကြည်လျက်ရှိသလို စိန်ခေါ်မှုတွေလည်း ကြုံတွေ့ရဦးမယ်လို့ မှတ်ယူထားကြပါတယ်။

နျူကလီးယားအရေးညှိနှိုင်းဆွေးနွေးမှုတိုင်းဟာ သစ္စာဖောက်မှုတစ်ခုလို ဆုံးဖြတ်ပြီး ဆန့်ကျင်ဘက်အသံတွေ ဆက်လက်ထွက်ပေါ်နေဦးမယ်လို့ ဘစ်ဒယ်လီက ဖော်ပြထားပါတယ်။

ရိုင်စီအစိုးရဟာ ဒီအရေးနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရဦးမှာဖြစ်တယ်လို့ သူက ဆက်လက်ဖော်ပြထားပါတယ်။

## အမေရိကန်က အီရန်နျူကလီးယားသဘောတူညီချက်ကို လက်ခံမှာမဟုတ်

မကြာသေးမီက တွစ်တာမှာ အမေရိကန်ရီပတ်ဘလစ်ကန်အမတ် တက်ဒ်ခရုဇ်က နောင်လာမယ့် ရီပတ်ဘလစ်ကန်သမ္မတတိုင်းဟာ အီရန်နဲ့ နျူကလီးယားသဘောတူညီချက်ကို လက်ခံမှာမဟုတ်ဘူးလို့ ဖော်ပြထားပါတယ်။

အမေရိကန်ဘက်ကတော့ ရှင်းရှင်းလေးပဲ။ သူတို့အနေနဲ့ ဒီအရေးကို အာမခံချက် အမြဲပေးသွားမှာမဟုတ်သလို နောက်လာမယ့် အမေရိကန်အစိုးရတိုင်းဟာလည်း နျူကလီးယားအရေးကို စိတ်ချသေချာအောင် လုပ်ဆောင်မယ်မထင်ပါဘူးလို့ ကျွမ်းကျင်သူတစ်ဦးက ပြောပါတယ်။

ထို့အတူ အီရန်အနေနဲ့ ဒီအချိန်မှာ ဂျေစီပီအိုအေ အပေါ် သူ့ရဲ့မူဝါဒကိုပြောင်းလဲဖို့ လိုအပ်လျက်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်ပြည်ထောင်စုနဲ့ သွယ်ဝိုက်ညှိနှိုင်းဆွေးနွေးမှုတွေဟာ အီရန်ရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူးလို့ သူက ဆက်လက်ပြောကြားထားပါတယ်။ ။

ကိုးကား ဆင်ဟွာ

❒ **အစောပိုင်းညှိနှိုင်းဆွေးနွေးမှု ခြောက်ကြိမ်လုံးဟာ အီရန်နျူကလီးယားအစီအစဉ်ကို ဆက်လက်စောင့်ကြည့်လို့ရမယ့် ဂျေစီပီအိုအေကို ပြန်လည်အသက်သွင်းဖို့ ရည်ရွယ်ခဲ့သလို အီရန်အပေါ် အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးဖို့ အခွင့်အရေးတွေကိုလည်း ဖော်ဆောင်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ အီရန်နိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲဖြစ်စဉ်တွေနဲ့ အစိုးရအပြောင်းအလဲတွေက နျူကလီးယားဆွေးနွေးမှုကို ဟန့်တားနှောင့်ယှက်သလို ဖြစ်စေခဲ့ပါတယ်**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် ၀ ဒသမ ၂၅၀ သန်း** ဖြစ်ပါသည်။ နိုဝင်ဘာ ၅ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၂၉–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂၆,၂၈၀,၂၂၅,၁၄၂.၅၃ |
| (+) ၁–၁၁–၂၀၂၁ မှ ၅–၁၁–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂၅၀,၀၀၀.၀၀ |
| (–) EDC–600012 သို့ USD ၅.၈၀၀ သန်း လွှဲပြောင်းငွေ | ၁၀,၄၅၃,၄၀၀,၀၀၀.၀၀ |
| ၅–၁၁–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၁၅,၈၂၇,၀၇၅,၁၄၂.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၉–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၉၆၂,၃၄၉.၅၃ |
| (+) ၁–၁၁–၂၀၂၁ မှ ၅–၁၁–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| (+) OA–013733 မှ လွှဲပြောင်းငွေ | ၅,၈၀၀,၀၀၀.၀၀ |
| (–)Sinovac အမှတ်တံဆိပ် COVID–19 ကာကွယ်ဆေးဝယ်ယူရန် ပေးချေငွေ | ၆,၇၀၀,၀၀၀.၀၀ |
| ၅–၁၁–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၆၂,၃၄၉.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA–013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

(၁-၁၁-၂၀၂၁ ရက်နေ့မှ ၅-၁၁-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁-၁၁-၂၀၂၁ | ၅၀,၀၀၀ |
| ၁ | ဦးကျော်ဆွေ ( လိပ်စာဖော်ပြထားခြင်းမရှိပါ ) | ၅၀,၀၀၀ |
| | | |
| | ၂-၁၁-၂၀၂၁ | ၂၀၀,၀၀၀ |
| ၁ | ဒေါ်ခင်စိုးမြင့် ( လိပ်စာဖော်ပြထားခြင်းမရှိပါ ) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်ခင်မာကြူ ( လိပ်စာဖော်ပြထားခြင်းမရှိပါ ) | ၁၀၀,၀၀၀ |
| | | |
| | (၁-၁၁-၂၀၂၁ ရက်နေ့မှ ၅-၁၁-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

◆ *ကျောဖုံးမှ*

(၄–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၇၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၀၅၇) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၆၅) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၈၅,၁၉၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၀၅,၀၃၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၇၅,၄၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၇) ဦး ရှိ**သဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၇၈၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၉၇) ခု | (၁၄၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀၃) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၉) ခု | (၃၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၅၇) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၀) ခု | (၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၆၀၁) ခု | (၈၁၀) ဦး |
| **စုစုပေါင်း** | (၂၂,၇၁၅) ခု | (၁,၀၅၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ စတင်လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်–၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ– ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်း ပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့်ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့်အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
  - ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကရင်ပြည်နယ်ခရီးစဉ်ဒေသ(လူထုအခြေပြုခရီးသွားလုပ်ငန်းများ)

## သံတောင်ကြီး လူထုအခြေပြုခရီးသွားလုပ်ငန်း (Bed & Breakfast Service)

သံတောင်ကြီးမြို့နယ်သည် ဘားအံခရိုင်အတွင်းတည်ရှိပြီး ဘားအံမြို့မှ မိုင် ၂၆၀ ခန့်အကွာ၊ တောင်ငူမြို့မှ မိုင် ၃၀ ခန့်အကွာ ကရင်ပြည်နယ်မြောက်ပိုင်း ရာသီအေးချမ်းသော အမြင့်ပေ ၄၀၅၀ ကျော်၌ တည်ရှိပါသည်။ မြန်မာ-အင်္ဂလိပ် ဒုတိယစစ်ပွဲအပြီးတွင် ဗြိတိသျှတို့၏ နွေရာသီရုံး(Summer Office) ဖွင့်လှစ်နိုင်ရေး ဂေါ်ရခါးစစ်သားများဖြင့် မြို့ကွက်ဖော်ဆောင်တည်ဆောက်ခဲ့ရာမှ ပေါ်ပေါက်လာသောမြို့လည်း ဖြစ်ပါသည်။ သို့ရာတွင် မိုးရာသီ၌ သွေးခြည်ဥကာ အနာပေါက်တတ်သော မှက်ကဲ့သို့သော အင်းဆက်ပိုးကောင်များ ကျရောက်နှိပ်စက်ခြင်းနှင့် ရာသီဥတုအံ့ဆိုင်း၍ မြင်ကွင်းကြည်လင်မှုမရှိခြင်းတို့ကြောင့် မြန်မာ-အင်္ဂလိပ်တတိယစစ်ပွဲအပြီးတွင် မေမြို့သို့ နွေရာသီရုံးကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

သံတောင်ကြီးမြို့တွင် ကရင်လူမျိုးအများဆုံးနှင့် မြန်မာ၊ ဟိန္ဒူ၊ ကရင်နီ စသည့်လူမျိုးများ နေထိုင်ပြီး အများစု ၉၀ ရာခိုင်နှုန်းကျော်မှာ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ ကရင်ရှေးဟောင်းဒဏ္ဍာရီ နော်ဘူဘောတောင်နှင့် ဆုတောင်းတောင်တို့တွင် ခရစ်ယာန်ဘာသာရေးအခမ်းအနားများ ကျင်းပပြုလုပ်ချိန်၌ လာရောက်လည်ပတ်သူအထူးပင် စည်ကားလှပြီး ပြည်ပခရီးသွား အနည်းငယ်လည်း စိတ်ဝင်စားစွာ လာရောက်လည်ပတ်မှုများ ရှိသဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်ကာ ဒေသခံတိုင်းရင်းသားများက ခရီးသွားများအတွက် အိပ်ရာနှင့် နံနက်စာဝန်ဆောင်မှုပေးသည့် တည်းခိုခန်း(Bed & Breakfast Service)များကို ပြည်နယ်အစိုးရ၏ လိုင်စင်(၁)နှစ် သက်တမ်းခွင့်ပြုမှုဖြင့် စတင်လုပ်ဆောင်ခဲ့ရာ ယခုအချိန်တွင် Bed & Breakfast ကိုးလုံး စုစုပေါင်း အိပ်ခန်း ၅၅ ခန်းအထိ ရှိလာပြီဖြစ်ပါသည်။



ဆဒ္ဒန်ဂူ။ ဓာတ်ပုံ - KSG



သံတောင်ကြီးမြို့နယ်ရှိ နော်ဘူဘောတောင်။ ဓာတ်ပုံ - KSG

## မွန့်စရီးကျေးရွာ လူထုအခြေပြုခရီးသွားလုပ်ငန်း (အဆိုပြု)

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်တောင်ခြေရှိ မွန့်စရီးကျေးရွာသည် ၁၉၇၄ ခုနှစ်တွင် လှိုင်ကမ္ဘာကျေးရွာမှ ပြောင်းရွှေ့လာသော ကရင်လူမျိုးများဖြင့် စတင်တည်ထောင်ခဲ့သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ၃၁ ဒသမ ၅ ဧကကျယ်ဝန်း၍ ဘားအံမြို့တောင်ဘက် ၁၀ ကီလိုမီတာအကွာ လုမ္ဗိနီဥယျာဉ်အဝင်မုခ်ဦး၏ တောင်ဘက်မီတာ ၅၀၀ ခန့်၊ မြို့ရှောင်လမ်းဘေး တောင်ခြေနှင့် ကပ်လျက်တွင်တည်ရှိကာ စုစုပေါင်းအိမ်ခြေ ၁၀၀ ကျော်တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ပိုးကရင် လူမျိုးများ အများစုနေထိုင်ကြပြီး နှစ်ခြင်းခရစ်ယာန် (Baptist) ဘာသာကို ကိုးကွယ်ကာ ကရင်ရိုးရာ“ လည်းကယ် ” ဘာသာဝင်အချို့လည်း နေထိုင်ကြပါသည်။ ရပ်မိရပ်ဖများက စုပေါင်းဆောင်ရွက်သည့် မိသားစုစိတ်ဓာတ်ဖြင့် အုပ်ချုပ်လျက်ရှိကြောင်း၊ ရှေးလူကြီးများ၏ အဆိုအရ ကရင်ဘာသာဖြင့်**“မွန့်စရီး”** ကို **“စဥ့်အိုးကြီး”** ဟုအဓိပ္ပာယ်ရရှိကြောင်း သိရှိရပါသည်။ ကျေးရွာအတွင်း ပန်းခြံ၊ ကွန်ကရစ်ခင်းလျှောက်လမ်း၊ ပန်းအလှအရိပ်ရပင်၊ စုပေါင်း ထမင်းစားဆောင်၊ သီးစုံ ၁၂ မျိုး စိုက်ပျိုးထားသော သီးစုံခြံ၊ ကရင်ရိုးရာရှေးဟောင်းပုံစံငယ်၊ ခရစ်ယာန်ချာ့(ချ်)၊ အာစီ သုံးထပ်သင်တန်းဆောင်များကို ကျေးရွာအစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားပါသည်။

ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ပေါက်လာရေးအတွက် ကျန်ရှိနေသေးသော ရွာအဝင်/အထွက်မြေသားလမ်းပြုပြင်ရန်၊ ရွာအဝင်ဆိုင်းဘုတ်၊ အမှိုက်ပုံး၊ အမှိုက်ကျင်း၊ ငါးမွေးကန်ပြုပြင်ရန်၊ မိဘမဲ့ ကလေးထိန်းသိမ်းစောင့်ရှောက်ရေးကျောင်း စနစ်တကျမွမ်းမံရန်၊ တိုင်းရင်းဆေးခန်းနှင့် တစ်ဧကအကျယ် ပရဆေးခြံများ အပြီးသတ်ဆောင်ရွက်ရန်နှင့် ညှော့သည်နားနေဆောင်(သို့) ခရစ်ယာန် ဆရာအတတ်သင်ကျောင်း (TTC) ဆောက်လုပ်ရန် ရည်ရွယ်ထားပြီး အဆိုပြုလုပ်ငန်းများအားလုံး ပြီးစီးသွားမည်ဆိုပါက ဘားအံမြို့၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ နှစ်နာရီခန့် (သို့) ညအိပ် တည်းခိုနားနေနိုင်မည့် လူထုအကျိုးပြု ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

## ကရင်ပြည်နယ်အတွင်း ခရီးစဉ်ဒေသများ

### ဆဒ္ဒန်ဂူ

ဆဒ္ဒန်ဂူသည် ဘားအံမြို့နှင့် မိုင်၂၀ ခန့်အကွာ တောင်ဘက် ဇွဲကပင်တောင်စွယ်အဆုံးတွင် တည်ရှိ၏။ ဘားအံမြို့နယ်အတွင်းရှိ အိန္ဒုကျေးရွာမှ တစ်ဆင့် သွားရောက်နိုင်ပါသည်။ ဆဒ္ဒန်လိုဏ်ဂူသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာတစ်နေရာ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထုဇာတ်တော်ပါ အကြောင်းအရာ အမှတ်အသားရှိသော ကျောက်တုံးကျောက်ဆောင်နှင့် ထူးဆန်းအံ့ဩဖွယ်ရာ လိုဏ်ဂူဖြစ်သဖြင့် ဆဒ္ဒန်ဂူဟု ခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။ ဆဒ္ဒန်ဂူသည် ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များနှင့် ရှေးဟောင်းပစ္စည်းများကြွယ်ဝသော ဂူကြီးလည်းဖြစ်သည်။ ဤလိုဏ်ဂူတော်သည် တိုးလျှိုပေါက်ကျောက်ဂူဖြစ်ပြီး ဂူပေါက်ဝအကျယ်ဆုံးနှင့် ဂူအတွင်း အလျားအရှည်ဆုံးဖြစ်သည်။ လိုဏ်ဂူ၏ အဝသည် ပေ ၁၅၀ ခန့်အထိ ကျယ်ဝန်းပြီး အရှည်အားဖြင့် နှစ်ဖာလုံခန့်ရှိသည်။ ဂူအတွင်း အကျယ်ဆုံးနေရာတွင် ပေ ၅၀ ခန့်ရှိပြီး အကျဉ်းဆုံးအပိုင်းတွင်မူ ၁၅ ပေခန့်သာ ကျယ်သည်။ ဂူအတွင်းသို့ ဝင်လျှင်ဝင်ချင်း ဉာဏ်တော်အတောင် ၃၀ ခန့်ရှိသော လျောင်းတော်မူတစ်ဆူကို ဖူးတွေ့နိုင်ပြီး ဆင်းတုတော်များ၊ စေတီငယ်များကိုလည်း ဂူအတွင်းနေရာအနှံ့အပြားတည်ထားသည်ကို ဖူးတွေ့နိုင်သည်။ ဂူအနောက်ဘက် ထွက်ပေါက်မှတစ်ဆင့် ဂူအရှေ့ထိ ဆဒ္ဒန်ရေကန်ငယ်ဖြင့် ဝန်းရံထားပြီး အပျော်စီးလှေငယ်များဖြင့် လှော်ခတ်သွားလာနိုင်သည်။ ဘုရားပွဲကို သင်္ကြန်ရက်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

### ကော့ဂွန်းဂူ

ကော့ဂွန်းဂူသည် သမိုင်းအရ ရှေးအကျဆုံးနှင့် လေ့လာဖော်ထုတ်၍ မပြည့်စုံနိုင်သော လိုဏ်ဂူကြီးဖြစ်သည်။ ဘားအံမြို့မှ သံလွင်မြစ်အတိုင်း စုန်ဆင်း၍ ငါးမိုင်ခန့်အကွာတွင် အနောက်ဘက်ကမ်း၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၆ ပေရှိသော ဖားကပ်ရွာ၌ တည်ရှိသည်။ ကော့ဂွန်းတောင်မှာ လယ်ကွင်းပြင်တွင် တစ်တန်းတည်းတည်ရှိနေသော ထုံးကျောက်တောင်ဖြစ်၏။ ကော့ဂွန်းတောင်၏ အရှေ့မြောက်မျက်နှာစာတွင် ကော့ဂွန်းလိုဏ်ဂူ တည်ရှိသည်။ ကော့ဂွန်းဂူ၏

*စာမျက်နှာ ၁၇ သို့*



ကော့ဂွန်းဂူ။ ဓာတ်ပုံ - စောမျိုးမင်းသိန်း

*စာမျက်နှာ ၁၆ မှ*

သဘာဝအလျောက် ဖြစ်ပေါ်နေသော လိုဏ်ဂူအမိုးနှင့် ဆေးရေးနံရံကျောက်ခက်ကျောက်စွယ်များသည် လူတစ်ရပ်ခန့်အရွယ်အစားမှ သုံးလက်မ၊ လေးလက်မအထိ အရွယ်စုံ နံရံကပ်ဆင်းတုတော်များ ထုလုပ်ထားသည်။ ကွက်ပြည့်မျှထုလုပ်ထားသော ပြဒါးရောင်ခြယ် ရေးလက်ရာ မြေမီးဖုတ်၊ အုတ်ခွက်ဗုဒ္ဓဆင်းတုတော်များဖြင့် ဗုဒ္ဓဆိုင်ရာကျောက်ဆစ် ရုပ်ပွားတော်များကို နံရံပြည့် ထွင်းထုထားပါသည်။ အလားတူ ဆေးရေးစာ၊ မင်စာ၊ ကျောက်စာနှင့် ရေးမွန်စာတို့ကိုလည်း လေ့လာနိုင်ပြီး ၁၉ ရာစု အစောပိုင်း ခရီးသွားမှတ်တမ်းအထောက်အထားများကို တွေ့ရှိထားပြီး ဖြစ်ပါသည်။ ကော့ဂွန်းဂူဘုရားပွဲတော်ကို ဧပြီလ သင်္ကြန်အလွန်တွင် နှစ်စဉ် ကျင်းပလေ့ရှိသည်။

## ကော့ကသောင်ဂူ

ကော့ကသောင်ဂူသည် ဘားအံမြို့မှ တောင်ဘက် ခုနစ်မိုင်အကွာ ဇွဲကပင်တောင်၏ အရှေ့ နှစ်မိုင်အကွာတွင် တည်ရှိသည်။ ကော့ကသောင်ဂူသည် တစ်ဝက်တစ်ပျက်လုံးဝန်းသည့် ပုံသဏ္ဍာန်ရှိပြီး ပေ ၁၀၀ ခန့်ကျယ်သည်။ ဂူအတွင်း ဘယ်၊ ညာ နှစ်ဖက်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများရှိသည်။ ဂူအတွင်း လှပသော ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စက်မိုးမျှော်များ တွေ့ရှိရမည်။ ဂူသည် တစ်ဖက်ပွင့်ဂူ အမျိုးအစားဖြစ်ပြီး မျက်နှာဝ ပေ ၉၀ ပတ်လည်ခန့်၊ အမြင့် ရှစ်ပေနှင့် အလျားပေ ၁၀၀ ရှိသည်။ ကော့ကသောင်ဂူနှင့် တစ်ဆက်တည်း အခြားဂူငယ်များကိုလည်း တွေ့ရှိရမည်။ ကော့ကသောင်ဂူအရှေ့တွင် အပျော်စီးလှေငယ်များဖြင့် ရွာအတွင်းသို့ လှော်ခတ်သွားလာနိုင်သည်။ ဘုရားပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်း ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပသည်။

**“ဆဒ္ဒန်ဂူသည် ဘားအံမြို့နှင့် မိုင် ၂၀ ခန့်အကွာ တောင်ဘက် ဇွဲကပင်တောင်စွယ်အဆုံးတွင် တည်ရှိ၏။ ဘားအံမြို့နယ်အတွင်းရှိ အိန္ဒုကျေးရွာမှ တစ်ဆင့် သွားရောက်နိုင်ပါသည်။ ဆဒ္ဒန်လိုဏ်ဂူသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာတစ်နေရာဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထုဇာတ်တော်ပါ အကြောင်းအရာ အမှတ်အသားရှိသော ကျောက်တုံးကျောက်ဆောင်နှင့် ထူးဆန်းအံ့ဩဖွယ်ရာ လိုဏ်ဂူဖြစ်သဖြင့် ဆဒ္ဒန်ဂူဟု ခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။ ဆဒ္ဒန်ဂူသည် ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းပစ္စည်းများကြွယ်ဝသော ဂူကြီးလည်းဖြစ်သည်”**

## ရသေ့ပျံဂူ

ဘားအံမြို့မှ ကိုးမိုင်အကွာ၊ ဘားကပ်ရွာမှ သုံးမိုင်အကွာရှိ ရသေ့ပျံဂူသည် တောင်ခြေမှ ပေ ၁၅၀ အမြင့်တွင် တည်ရှိပြီး နှစ်ဖက်ပွင့် သဘာဝထုံးကျောက်ဂူ အမျိုးအစားဖြစ်သည်။ ဂူအတွင်း ဘုရားစေတီတည်ထားခြင်းကို ရသေ့ပျံနှင့် ဆဒ္ဒန်ဂူများတွင်သာ တွေ့ရှိရပါသည်။ မြေစေး၊ သစ်သားတို့ဖြင့်ပြုလုပ်ထားသော ပုဂံ၊ အင်းဝ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ်ပြိုင်ကာလ ဟိန္ဒူလက်ရာများတွေ့ရှိရသဖြင့် ဗုဒ္ဓဘာသာသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် မြန်မာနိုင်ငံသို့ ဩဇာသက်ရောက်လျက်ရှိသည့် အထောက်အထားများအဖြစ် တွေ့ရှိရပါသည်။ ဂူအတွင်း၌ သက်ရှိမျိုးစိတ် လေးမျိုးနှင့် ကျောရိုးမဲ့မျိုးစိတ် ၁၅ မျိုး နေထိုင်ကျက်စားကာ လင်းနို့အကောင်ရေ ၆၀၀၀၀ ကျော် တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် ဂူအနောက်ပေါက်၌ မီတာ ၂၀၀ ခန့်ရှည်သော ရှုခင်းသာတံတားကို သံဖရိန်ဖြင့် တည်ဆောက်ထားပြီး ညနေဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်ပါသည်။ ၂၀၁၉ ခုနှစ်၌ ဂူအရှေ့ဘက်တွင် မီတာ ၅၀၀ ခန့် အကျယ်အဝန်းရှိသော သဘာဝရေလိုဏ်ဂူတစ်ခုကို ခရီးသွားများ လေ့လာနိုင်ရန်အတွက် စတင်ဖွင့်လှစ်ခဲ့ပြီး ခရီးစဉ်ဒေသအသစ်တစ်ခုအဖြစ် ပေါ်ပေါက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



ဘုရင့်ညီဂူ။ ဓာတ်ပုံ - စောမျိုးမင်းသိန်း

## ကျောက်ကလပ်

ကျောက်ကလပ်စေတီသည် လယ်ကွင်းအတွင်း လူတို့ပြုလုပ်ထားသော ရေကန်၏အလယ်တွင် ထူးခြားစွာ ထိုးထွက်နေသော ကျောက်လုံးကြီးပေါ်တွင် တည်ထားပါသည်။ စေတီသည် ဘားအံမြို့မှ ခုနစ်မိုင်ခန့်ကွာဝေးပြီး သံလွင်မြစ်၏ အရှေ့ဘက်ကမ်း တော်ပုံကျေးရွာအနီးတွင် တည်ရှိသည်။ စေတီသည် မြန်မာပြည်ရှိ အခြားသော ဘုရားစေတီများနှင့်မတူဘဲ ရှည်မျောမျော ကျောက်တုံးကြီးပေါ်တွင် တည်ရှိပါသည်။ ကျောက်တောင်ပေါ်မှနေ၍ ဘေးပတ်ဝန်းကျင် ရှုခင်းများနှင့် မလှမ်းမကမ်းမှ ဇွဲကပင်စေတီကို လှမ်းမြင်ရသည်။ ညနေခင်းနေဝင်ချိန်အလှကိုလည်း တောင်ပေါ်မှ မြင်နိုင်ပါသည်။ စေတီသို့ လာရောက်သည့် ခရီးသွားဧည့်သည်များအား သက်သတ်လွတ်ဟင်းလျာများ နေ့စဉ်ကျွေးမွေးလျက်ရှိသည်။

## ကျုံထော်ရေတံခွန်

ကျုံထော်ရေတံခွန်သည် ဘားအံမြို့မှ မြောက်ဘက် ၅၅ မိုင်ခန့်အကွာ မြိုင်ကြီးငူ အထူးဒေသတွင် တည်ရှိပြီး ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသည်များ များပြားစွာ လာရောက်လည်ပတ်နေသော ခရီးစဉ်ဒေသတစ်ခု ဖြစ်ပါသည်။ ပင်မရေအိုင်အကျယ် (၁၅၀x၇၅) မီတာခန့်ရှိပြီး အမြင့် ၁၀ မီတာကျော်ခန့်မှ အဆင့်သုံးဆင့်ဖြင့် ရေများ စီးဆင်းနေပါသည်။ အနက်ဆုံးနေရာသည် ပေ ၃၀ ခန့်ရှိပြီး မိုးရာသီတွင် ရေစီးအားကောင်းကာ သွားလာရန်ခက်ခဲသည့်အတွက် ပွင့်လင်းရာသီရောက်ရှိမှသာ ပြည်တွင်းခရီးသည်များ လာရောက်လည်ပတ်လျက်ရှိပါသည်။ အရှေ့ဘက် ၂၈ ကီလိုမီတာခန့်အကွာသည် ထိုင်းနိုင်ငံနယ်စပ် ဖြစ်ပါသည်။ သက်သတ်လွတ် နယ်မြေတစ်ခုလည်းဖြစ်ပြီး ခရီးစဉ်ဒေသစီမံအုပ်ချုပ်မှုကို မြိုင်ကြီးငူ ဆရာတော်များက တိုက်ရိုက်ထိန်းသိမ်းကြီးကြပ် လုပ်ကိုင်လျက်ရှိပြီး ပြည်နယ်အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများကလည်း လိုအပ်ချက်များ တောင်းခံလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဘုရင့်ညီဂူ

ဘုရင့်ညီဂူသည် ဘားအံမြို့မှ ၁၂ မိုင်ခန့်အကွာ ဘားအံ-သထုံကားလမ်းအနီးတွင် တည်ရှိပြီး တစ်ဖာလုံခန့်အရှည်ရှိသော ဂူအတွင်း ရှေးဟောင်းဘုရားများကို ဖူးမြော်နိုင်ပါသည်။ မြေပြင်မှဂူသို့တက်ရောက်ရာ တောင်စောင်းတစ်လျှောက်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကိုလည်း ဖူးမြင်နိုင်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရှေးဟောင်းလက်လုပ်မြေအုတ်၊ ဂဝံကျောက်အုတ်များဖြင့် ထုလုပ်ပူဇော်ထားသော ဘုရားများစွာ တည်ရှိပါသည်။ ဂူ၏မျက်နှာစာတွင် သဘာဝရေပူ၊ ရေအေး စိမ့်စမ်းအိုင်များ၌ ရေချိုးနိုင်ပြီး ဂူအတွင်း သက်ရှိမျိုးစိတ် လေးမျိုး၊ လင်းနို့ ၂၀၀၀ ခန့်နှင့် ကျောရိုးမဲ့ ကိုးမျိုး သဘာဝအတိုင်း ဘေးမဲ့ပေးထားသည့်အတွက် လေ့လာကြည့်ရှုနိုင်ပါသည်။

## ဣန္ဒာသယဂူ

ဘားအံမြို့ အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ နောင်ပလိန်ကျေးရွာအနီးတွင် တည်ရှိ၍ မူလသဘာဝအတိုင်း ကျန်ရှိနေသေးသော ပေ ၁၂၀၀ ခန့်အရှည်ရှိ နှစ်ဖက်ပွင့်ထုံးကျောက်ဂူအမျိုးအစားဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခရီးသွားများလေ့လာကြည့်ရှုနိုင်သည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ပေါက်လာရေးအတွက် ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများက ပူးပေါင်းအကောင်အထည်ဖော်လျက် ရှိပါသည်။ အနာဂတ်တွင် ဂူအနီးပတ်ဝန်းကျင်၌ ဆင်စခန်းအဖြစ် တည်ဆောက်သွားရန် လျာထားပါသည်။

## လင်းနို့ဂူ

လင်းနို့ဂူသည် ဘားအံမြို့ ဖားကပ်ကျေးရွာ သံလွင်မြစ်ကမ်းဘေးတွင် တည်ရှိပြီး သက်ရှိမျိုးစိတ် လေးမျိုးနှင့် လင်းနို့ ၅၀၀၀၀၀ ကျော်နေထိုင်ကျက်စားလျက်ရှိပါသည်။ ညနေ နေဝင်ချိန်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ လင်းနို့ထွက်ချိန် နေ့စဉ်စောင့်ကြည့်လေ့လာခြင်းများဖြင့် စည်ကားလေ့ရှိပါသည်။ ၂၀၁၉ ခုနှစ် ပွင့်လင်းရာသီမှစ၍ Golden Myanmar River Cruise က သံလွင်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်ကို တစ်ပတ်လျှင် သုံးရက်၊ ရွှေယဉ်မျှော်မှ လင်းနို့ဂူခရီးစဉ်နှင့် ရွှေယဉ်မျှော်မှ ဖားမဲတောင် ခရီးစဉ်များကို စမ်းသပ်ပြေးဆွဲလျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ရသေ့ပျံဂူ။ ဓာတ်ပုံ - KSG

# ကျောက်ပန်းတောင်းမြို့နယ်မှ ကျေးရွာ ၄၄ ရွာသို့ မြစိမ်းရောင် စီမံကိန်းချေးငွေများ ထုတ်ချေးပြီးစီး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ထားသည့် ကျေးရွာများအနက် အောက်တိုဘာလဆန်းပိုင်းတွင် အရင်းပြန်လည်ပေးဆပ်ပြီးဖြစ်သော ကျေးရွာ ၄၄ ရွာသို့ စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးခဲ့ရာ ယခုအခါ ချေးငွေကျပ် ၁၈၆၂ ဒသမ ၀၆ သန်းကို ထုတ်ချေးပြီးဖြစ်သည်။

စီမံကိန်းချေးငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာ ၄၄ ရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၈၅၃ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၂၁၉၈ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ မီးလင်းရေးလုပ်ကိုင်သူ တစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၃၄၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးတို့အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၈၆၂ ဒသမ ၀၆ သန်းကို ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ပြား ၅၀ ဖြင့် ထုတ်ချေးပေးခြင်းဖြစ်သည်။

**ကိုပြည့်(ကျေးလက်)**

# စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

နေပြည်တော် နိုဝင်ဘာ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချရေး အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများသက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချပေးလျက်ရှိပြီး 92 Ron ၂၆၅၁၄၉၃၈ လီတာ၊ ဒီဇယ် ၁၉၅၉၅၈၆၁ လီတာနှင့် Premium ဒီဇယ် ၂၅၃၆၃ ၃၃၉ လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီ ဆိုင်လိပ်စာများအား ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**တိုင်းဒေသကြီး / ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း**

၅-၁၁-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ၆၉ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၄၀၇ | ၁၃၆၉ | ၁၃၇၆ | ၅၁ |
| ၃ | နေပြည်တော် | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ၈ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁၄၆၇ | ၁၃၇၅ | ၁၃၈၁ | ၂ |
| ၅ | ရှမ်းပြည်နယ် | ၁၄၁၂ | ၁၃၇၄ | ၁၃၈၁ | ၂၂ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၆၂ | ၁၃၇၀ | ၁၃၇၆ | ၉ |
| ၇ | ရခိုင်ပြည်နယ် | ၁၄၅၇ | ၁၄၂၉ | ၁၄၃၆ | ၆ |
| ၈ | မွန်ပြည်နယ် | ၁၃၉၇ | ၁၃၆၉ | ၁၃၇၆ | ၂၆ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၄၀၂ | ၁၃၆၉ | ၁၃၇၆ | ၆ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၃၇၇ | ၁၃၄၉ | ၁၃၅၆ | ၂၃ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၈၂ | ၁၃၅၄ | ၁၃၆၁ | ၁၉ |
| ၁၂ | ကချင်ပြည်နယ် | ၁၅၀၇ | ၁၄၁၅ | ၁၄၂၁ | ၄ |
| ၁၃ | ကယားပြည်နယ် | ၁၄၄၂ | ၁၄၀၅ | ၁၄၂၁ | ၁ |
| | | စုစုပေါင်း | | | ၂၄၆ |

**ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင် အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | MMTM – Tamwe | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် |
| ၂ | MMTM – Ywama | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ် |
| ၃ | MMTM – North Dagon | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ပင်လုံလမ်း၊ မြောက်ဒဂုံ |
| ၄ | MMTM – Thingankyun | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၅ | KS(019) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | မှော်ဘီအမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆ | Moon Sun Energy (Shwe Pyi Thar) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၄) လမ်းမကြီး၊ သာဓုကန်စက်မှုဇုန်အနီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၇ | Moon Sun Energy (Hlaing Thar Yar) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၁၅)၊ ရန်ကုန် – ပုသိမ်လမ်းမကြီး၊ မြစိမ်းရောင်အိမ်ရာ၊ ဒဂုံရောအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၈ | Moon Sun Energy (NOK) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် (၁၆၃/ ၁)၊ သုနန္ဒာလမ်းနှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကာလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၉ | Moon Sun Energy (South Dagon) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၁/၇၁၃၊၂/၇၁၃)၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်အနီး၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၀ | Moon Sun Energy (Insein) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၄၅)၊ ဘူတာရုံလမ်း (ခ) လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၁ | Moon (Kyi Myin Daing) | ၁,၃၇၀ | ၁,၃၄၉ | ၁,၃၅၆ | သီတာလမ်း၊ ကြည့်မြင်တိုင်မြို့နယ် |
| ၁၂ | Puma Power 009 | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ရတနာလမ်းမပေါ်၊ တောင်ဥက္ကလာပ |
| ၁၃ | Yadana Petrol Station (သန်လျင်) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ်(၁၀)၊ သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၄ | Yadana Petrol Station (ဥက္ကံ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၁၀/ခ)၊ ပြည်လမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၅ | Yadana Petrol Station (ကျောက်တန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၈၃၆)၊ သန်လျင်ကျောက်တန်းလမ်းမကြီး၊ ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၆ | Yadana Petrol Station ( ကော့မှူး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | မကျီးကန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၇ | Yadana Petrol Station (ကွမ်းခြံကုန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၈၁)၊ ဗိုလ်ချုပ်လမ်း၊ ကန်ကြီးပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၈ | Yadana Petrol Station (ဒလ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဒလ-တွံတေးကားလမ်း၊ စာပါချောင်ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၉ | Yadana Petrol Station (တိုက်ကြီး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၀ | Yadana Petrol Station (ခရမ်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၃)ရပ်ကွက်၊ ခရမ်း-ရန်ကုန်လမ်းမကြီး၊ ခရမ်းမြို့နယ်၊ အေးချမ်းသာမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၁ | Yadana Petrol Station (သုံးခွ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အောင်ဇေယျလမ်း၊ အမှတ်(၅)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၂ | Asia Energy -လှိုင်သာယာပန့်ဆိုင် (ရန်ကုန်) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | တံတားဖြူမှတ်တိုင်၊ အမှတ် (၈) ရပ်ကွက်၊ ဦးပုညလမ်းနှင့် မကွေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၃ | Thuwana | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၂၄ | Mhawbi(1) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ရန်ကုန်-ပြည်လမ်းမကြီး၊ မှော်ဘီမြို့နယ် |
| ၂၅ | South Oakkalar | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | သံသုမာလမ်း၊ တောင်ဥက္ကလာပ |
| ၂၆ | Dala | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဒလ-တွံတေးကားလမ်း၊ |
| ၂၇ | Mingalardon (Pyinmapin) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ရန်ကုန်-ပြည်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ် |
| ၂၈ | 360° Petro (Satsan) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၂၉ | 360° Petro (Danyingone) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ် |
| ၃၀ | 360° Petro(Thingankyun, Laydaungkan) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။ |
| ၃၁ | 360° Petro (Ayarwon, Tharkayta) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | ဧရာဝဏ်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။ |
| ၃၂ | 360° Petro (Bomhue-bahtoo, North Dagon) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | ဗိုလ်မှူးဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ်။ |
| ၃၃ | Denko (တောင်ဒဂုံ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် ၁ ( က-B )၊ ၁၄၂ ရပ်ကွက်၊ အမှတ် ၂ လမ်းမကြီးနှင့် ကျန်စစ်သားလမ်းထောင့်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၄ | Denko (ကုန်းတလပေါင်) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် ၃ လမ်းမကြီး၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၅ | Denko (ဒဂုံဆိပ်ကမ်း) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၁၈၃၀)၊ ၆၀ ရပ်ကွက်၊ ပဲခူးမြစ်လမ်းနှင့် အဝေရာလမ်းထောင့်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၆ | Denko (မြောက်ဥက္ကလာပ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် (ဃ/၁၆ H )၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာအဝိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဆိုင်အမှတ် (၀၂၄၃) |
| ၃၇ | Denko ( သန်လျင် ၂ ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် ၆၇၁၊ ကျောင်းကန်အရှေ့ကွင်း၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျိုက်ခေါက်ဘုရားလမ်း သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၈ | Denko ( မြောက်ဒဂုံ-၂ ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် (၃/စ) ၊ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ တောင်/မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၉ | Denko ( အောင်ဆန်း ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၀ | Denko ( ရွှေပြည်သာ ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် (၄၂/ ၃၀၅)၊ အမှတ် ၄ လမ်းမကြီး၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၁-၂၀၂၁ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| **၀၆:၀၀** | မေတ္တသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | **၁၆:၃၅** | ပုံပြင်ကမ္ဘာအစီအစဉ် 'ဝကားလေးတစ်ခွန်း' |
| **၀၇:၀၀** | နံနက်ခင်းသတင်း | **၁၆:၄၅** | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| **၀၇:၃၅** | Weekly Sports Info | **၁၇:၁၀** | ရှုလေမြင်လေ ကမ္ဘာမြေ |
| **၀၈:၃၅** | ကြယ်ပွင့်ကလေးများလင်းလက်ဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြစို့ | **၁၇:၃၅** | MRTV Travelogue |
| **၀၉:၁၀** | ရိုးမပေါ်က ကျွန်းစိုက်ခင်းများဆီသို့ | **၁၈:၀၀** | ပြည်တွင်းသတင်း |
| **၀၉:၃၅** | ဟားစည်မြေမှ ရောင်စုံအလှ (အပိုင်း-၃) | **၁၈:၁၀** | သုတစေပြာ သီရိဂေဟာ |
| **၁၀:၀၀** | သတင်းထဲကသတင်း | **၁၉:၂၀** | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၄) |
| **၁၀:၃၅** | မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ (သုတစံပြမောင်၊ မယ်ဆု) (ပွဲစဉ်-၇) | **၂၀:၀၀** | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| **၁၁:၄၅** | တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ | **၂၁:၀၀** | 'ဗိန္ဒုဇရွှေအငြိမ့်' |
| **၁၃:၁၀** | MRTV National News | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| **07:01** | News |
| **07:24** | Global Partnership for Brighter Future: Russia Pavilion at Expo 2020 Dubai |
| **07:30** | Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha |
| **08:01** | Weekly Review |
| **08:16** | Myanmar Masterclass: Art Teacher |
| **08:24** | Discovering Tribes" Lisu: Their Life and Customs |
| **08:46** | Patchwork Bags |
| **09:01** | Myanmar Designer Studio: Yone Yone |
| **09:19** | Enchanting Rakhine Land |
| **09:38** | Tazaungmone |
| **10:01** | Myanmar Puppeteers (Duet Dance) |
| **10:18** | Talk & Discussion: All about Weight Loss |

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရဲသောင်ချောင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကျွန်းမာစေတဲ့မင်းကွတ်သီး

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကြိုတ်အေတို့

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လေးရှင်းတောင်ပီးပြတိုက်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တောင်ပေါ်မြို့က ပြာရည်ထုပ်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအလှမယ် (အပိုင်း-၃)

**MRTV PARLIAMENT**

| | |
|---|---|
| **၀၉:၀၀** | အဖွင့်၊ အလဲ |
| **၁၀:၀၀** | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ |
| **၁၀:၃၀** | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇) |
| **၁၁:၀၀** | ဥပဒေရေးရာ အဖြာဖြာ ဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ' |
| **၁၁:၃၀** | အတွေးအမြင် (အပိုင်း-၇) |

**MRTV SPORTS**

| | |
|---|---|
| **၀၆:၀၀** | အဖွင့် |
| **၀၆:၁၀** | အခြေခံအားကစားနည်းစနစ်များ |
| **၀၇:၀၀** | Sports News |
| **၀၇:၁၀** | Soccer View/ Weekly Sports Info |
| **၀၇:၄၅** | အားကစားလောကထဲက သူတို့အကြောင်း |
| **၀၈:၀၀** | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| **၂၀:၀၀** | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

# ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့ရေယာဉ် အခေါက်ရေတိုးချဲ့ပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၅**



ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေသော ချယ်ရီကူးတို့ ရေယာဉ်ကို အများပြည်သူ သွားလာရေး အဆင်ပြေစေရေး အတွက် အခေါက်ရေ ၃၂ ခေါက် အထိ တိုးချဲ့ပြေးဆွဲနေကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင် ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရ သည်။

"ကိုဗစ်-၁၉ရောဂါ ကူးစက်မှု လျော့နည်းလာတဲ့အတွက် သဘော်စီးတဲ့ ခရီးသည်များလာ တယ်။ ရုံးဖွင့်ရက်မှာ ၃၂ ခေါက် နဲ့ ရုံးပိတ်ရက်တွေမှာ ၂၄ ခေါက် အထိ တိုးမြှင့်ပြေးဆွဲပေးနေ ပါတယ်။ ရောဂါကူးစက်မှုအခြေ အနေ တည်ငြိမ်ပြီဆိုပေမယ့် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာစီးဖို့၊ နှာခေါင်းစည်းတပ်ဖို့နဲ့လက်ဆေး ဖို့ အမြဲဆော်ဩပေးနေပါတယ်" ဟု မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန် ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပန်းဆိုးတန်း- ဒလ ရေယာဉ်ကို ခရီးသည်များ ပိုမို အဆင်ပြေစွာ သွားလာနိုင်ရေး အတွက် အောက်တိုဘာ ၂၈ ရက် မှစ၍ အစိုးရရုံးဖွင့်ရက်များတွင် ယခင်အခေါက်ရေ ၃၀ ပြေးဆွဲရာ မှ ယခု ၃၂ခေါက်သို့ လည်းကောင်း၊ ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေရက် များတွင် ယခင်အခေါက်ရေ ၂၀ မှ ယခု ၂၄ ခေါက်သို့ လည်းကောင်း တိုးမြှင့်ပြေးဆွဲပေးနေခြင်း ဖြစ် သည်။ ရေယာဉ်စီးနင်းမှုအနေဖြင့် ပုံမှန်အတိုင်းတစ်ဦးလျှင် ငွေကျပ် ၁၀၀ သာ ကောက်ခံနေပြီး လူစု၊ လူဝေးမဖြစ်ပေါ်စေရန် ရေယာဉ် များကို သတ်မှတ်ကြာချိန်အတိုင်း ပြေးဆွဲပေးနေကြောင်း၊ ကူးတို့ ရေယာဉ်ပေါ်၌ လူလေးဦး ထိုင်နိုင်သော ခုံတန်းလျားတွင် အစွန်းနှစ်ဖက်၌ နှစ်ဦးသာ ထိုင်စေပြီး ခပ်ကျဲကျဲသွားလာစေ ရန် အထူးကြပ်မတ် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

စီးပွားရေးမြို့တော် ရန်ကုန် မြို့သို့ ဝင်ထွက်သွားလာရာတွင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်အပါအဝင် ဒလမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ အတွက် ချယ်ရီကူးတို့ရေယာဉ်ကို အားထားနေရကြောင်း သိရသည်။

**အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၃၀/၁၃၄၀ ကျပ် | ၁၃၆၀/၁၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၃၅/၁၃၅၅ ကျပ် | ၁၃၇၅/၁၃၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၁၀/၁၄၂၀ ကျပ် | ၁၄၀၇/၁၄၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၆၀/၁၄၈၅ ကျပ် | ၁၅၆၅/၁၅၉၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၆ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၃၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၆ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၅၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၅၃၃ | ၄၅၈၅၆၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၃၄၆ | ၄၃၁၀၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၀၀၀ | ၂၂၀၀၀ | ၁၆၂ | ၃၄၅၂၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၉ | ၂၆၅၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပုသိမ်မြို့ ရေပေးရေးစီမံကိန်းမှ နိုဝင်ဘာလကုန်တွင် ရေစတင်ပေးဝေမည်

**ပုသိမ် နိုဝင်ဘာ ၅**

ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက် ၁၅ ခု၌ ၂၀၂၃ ခုနှစ်တွင် တိုးတက်လာမည့် လူဦးရေ ၁၇၆၁၄၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်၍ ပုသိမ်မြို့ ရေပေးရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလကုန်တွင် ရေများစတင်ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စီမံကိန်းအကောင်အထည်ဖော်ခြင်း**

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Focal Department အဖြစ် ဆောင်ရွက်ပြီး ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ထရိုက်တာကုမ္ပဏီကို အနီးကပ်ကြီးကြပ်၍ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

စီမံကိန်းလုပ်ငန်းကို ဂျပန်နိုင်ငံ နှစ်ရှည်ချေးငွေ (JICA ODA Loan) ဖြင့် ဆောင်ရွက်ခဲ့ပြီး အသေးစိတ်စီမံကိန်း Design ရေးဆွဲခြင်းလုပ်ငန်းကို Singa System Co.,Ltd က တာဝန်ယူကာ တည်ဆောက်ရေးနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို Lot(1) နှင့် Lot(2) ခွဲ၍ တင်ဒါခေါ်ယူပြီး တင်ဒါအောင်ကုမ္ပဏီဖြစ်သော Authentic Co.,Ltdနှင့် ၂၀၁၉ ခုနှစ် မေ ၂၃ ရက်က စာချုပ်ချုပ်ဆိုခဲ့သည်။ စီမံကိန်းအတွက် လျာထားကုန်ကျငွေကျပ် ၁၉ ဒသမ ၉၈ ဘီလီယံဖြစ်ပြီး စီမံကိန်းကာလမှာ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ ဖြစ်သည်။ စီမံကိန်းကို ၂၀၁၉ ခုနှစ် မေ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ လုပ်ငန်းပြီးစီးမှုမှာ တည်ဆောက်ရေး လုပ်ငန်း Lot(1)တွင် ၉၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။



ဂါလန် ၁၄ သိန်းဆံ့ ရေဖြန့်ဝေကန်။

ဤလုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ်တွင် စတင်လျာထားခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း JICA မှ တာဝန်ရှိသူများ အကြိမ်ကြိမ်လာရောက်ပြီး မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များ၌ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများအား တစ်ရပ်ကွက်လျှင် ပြည်သူ ငါးဦးစီဖြင့် ပုသိမ်ဟိုတယ်တွင် တွေ့ဆုံရှင်းလင်းဆွေးနွေးခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာများဖြင့် ကွင်းဆင်းတိုင်းတာတွက်ချက်ခြင်း၊ JICA Expert Team က ကွင်းဆင်းတွက်ချက်ခြင်းများ ဆောင်ရွက်ပြီး လုပ်ငန်းများစတင်ခဲ့ရာ ယခုအခါ အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။

**ရေပေးဝေမှုစနစ်**

ပြည်သူလူထုသို့ ရေပေးဝေသည့်စနစ်မှာ ပုသိမ်မြို့ မရမ်းချောင်းအရပ်ရှိ Water Treatment Plant တွင် ရေယူအဆောက်အအုံဖြင့် ဝေန်မြစ်ရေကိုရယူပြီး အောက်ဆီဂျင်ဓာတ်ပြုစနစ်၊ အနည်စုဖွဲ့ ဖယ်ရှားခြင်းစနစ်၊ အနည်ထိုင်စနစ်၊ အမြန်သဲရေစစ်စနစ်တို့ဖြင့် ရေကြည်ရေသန့်ရရှိရန်စစ်ယူပြီး ကလိုရင်းဆေးခတ်ကာ သန့်စင်စေပြီး ရေဂါလန် သုံးသိန်းဆံ့ ရေသိုလှောင်ကန် နှစ်ကန်၌ ထားရှိသိုလှောင်စေ၍ ရေပို့ပိုက်လိုင်းကြီးဖြင့် ငါးမိုင်ခန့်ကွာဝေးသော ပုသိမ်မြို့ မြန်မာ့မီးရထားဘူတာဝင်းအတွင်းရှိ ရေဂါလန် ၁၄ သိန်းဆံ့ ရေစုကန် (Reservoir) သို့ ပို့လွှတ်ကာ ထိုမှတစ်ဆင့် လျှပ်စစ်ပန့်မော်တာများဖြင့် တိုက်ရိုက်တွန်းပို့စနစ်ကို အသုံးပြု၍ ရေဖြန့်ပိုက်လိုင်းအရှည်ပေ ၇၆၈၀၀၀ ကို ဖြတ်သန်းပြီး ရပ်ကွက်နေပြည်သူများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**ရေမီတာ တပ်ဆင်ပေးမှုနှင့် ရေဖိုး**

မီတာအိမ်ပါ ရေမီတာ ၂၅၁၉၄ လုံးကို ရပ်ကွက်နေအိမ်များက လျှောက်ထားရာတွင် ကုန်ကျစရိတ်ငွေကြေးပေးစရာမလိုဘဲ အိမ်ခြံဝင်းအတွင်း ၁၀ ပေအရောက် စီမံကိန်းလုပ်သားများက လိုက်လံတပ်ဆင်ပေးလျက်ရှိပြီး ရေသုံးစွဲမှုအပေါ် မူတည်၍သာ ရေမီတာ တစ်ယူနစ်လျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ရေဖိုးရေခအဖြစ် ကောက်ခံသွားမည်ဖြစ်သည်။ ရေမီတာတစ်ယူနစ်လျှင် ရေဂါလန် ၂၂၀ ပါရှိပြီး အိမ်တွင်းရှိ ရေဘားကို ဖွင့်သည်နှင့်တစ်ပြိုင်နက် နေ့စဉ် သန့်ရှင်းသောသောက်သုံးရေကို ဈေးနှုန်းချိုသာစွာဖြင့် ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလကုန်တွင် ပုသိမ်မြို့ရှိ ရပ်ကွက် ၁၅ ခုအနက် ရပ်ကွက် ကိုးခုနေ လူဦးရေ ၁၂၅၉၇၀ တို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က လက်ခံသည့် ရေအရည်အသွေးဖြင့် အိမ်အရောက် သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးနိုင်မည်ဖြစ်ရာ ပုသိမ်မြို့တစ်မြို့လုံး၏ ၇၀ ရာခိုင်နှုန်းကို လွှမ်းခြုံ၍ ရေကောင်းရေသန့်များ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**
**ဓာတ်ပုံ - စည်ပင်**

## သထုံခရိုင်၌ ယခုနှစ်အတွင်း မီးလောင်မှုပေါင်း ၃၁ ကြိမ်ဖြစ်ပွားခဲ့ပြီး အများစုမှာ ပေါ့ဆမှုကြောင့်ဖြစ်

**သထုံ နိုဝင်ဘာ ၅**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ယခုနှစ် ဇန်နဝါရီလမှ လက်ရှိအချိန်အထိ မီးလောင်မှုအကြိမ်ရေ စုစုပေါင်း ၃၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းမီးလောင်မှုများ အနက်အများစုမှာ ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သထုံခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။


"မီးသုံးစွဲတဲ့နေရာမှာ သတိမထား မေ့လျော့တာတွေပေါ့။ ဒါတွေကြောင့် မီးလောင်မှုတွေဖြစ်တာ ပိုများတယ်။ မီးသတ်တပ်ဖွဲ့အနေနဲ့ မီးလောင်မှုလျော့နည်းအောင် အလေးထားပြီးဆောင်ရွက်နေသလို ပြည်သူတွေအနေနဲ့ကလည်း ရှေးဦးမီးငြိမ်းသတ်နိုင်ဖို့အတွက် လိုအပ်တဲ့မီးသတ်ဆေးဘူး၊ မီးချိတ်မီးကပ်စတာတွေ အိမ်တိုင်းဆောင်ထားဖို့လိုတယ်။ မီးသုံးစွဲတာကို စည်းကမ်းရှိကြမှသာ မီးလောင်မှုတွေ လျော့ကျလာမှာ ပါ" ဟု ခရိုင်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ကျော်မြင့်က ပြောသည်။

မီးလောင်မှုဖြစ်စဉ်များတွင် သတင်းပေးပို့နောက်ကျခြင်း၊ မီးသတ်ယာဉ် အဝင်အထွက်ခက်ခဲခြင်းများက မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရာ၌ အခက်အခဲများဖြစ်စေကြောင်း ၎င်းက ဆက်ပြောသည်။ ခရိုင်မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်မှုကြိုတင်ကာကွယ်ရေးအတွက် ရှောင်တခင်စစ်ဆေးခြင်း၊ အသိပညာပေးနှိုးဆော်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပြီး တပ်ဖွဲ့ဝင်များ၏ အရည်အသွေးမြင့်မားရေး၊ နည်းပညာမြင့်မားရေးနှင့် မီးငြိမ်းသတ်သည့် ပစ္စည်းကိရိယာများ စုံလင်ကောင်းမွန်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

မြို့နယ်အလိုက် မီးလောင်မှုများမှာ ကျိုက်ထိုမြို့နယ်တွင် မီးလောင်မှု ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီး လေးကြိမ်၊ ဘီးလင်းမြို့နယ်တွင် မီးလောင်မှု ခြောက်ကြိမ်ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီး တစ်ကြိမ်၊ သထုံမြို့နယ်တွင် မီးလောင်မှုကိုးကြိမ်ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီး နှစ်ကြိမ်၊ ပေါင်မြို့နယ်တွင် မီးလောင်မှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီးသုံးကြိမ်ဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ကိုကိုဦး (ပြန်/ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မိုးညှင်းမြို့နယ်အတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး ရွှေမဥ္ဇူ (အင်းတော်ကြီး)ရေလယ်စေတီတော်မြတ်အား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်

**မိုးညှင်း နိုဝင်ဘာ ၅**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့၌ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေမဥ္ဇူ(အင်းတော်ကြီး) ရေလယ်စေတီတော်မြတ်အား ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော် ကြည်ညိုသူများပြားလျက်ရှိသည်။

မိုးညှင်းမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ခြင်း နည်းပါးခဲ့သော်လည်း ယခုနှစ်တွင် ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အမျှ ကိုဗစ်- ၁၉ ရောဂါ သိသာစွာ လျော့နည်းကျဆင်းလာသဖြင့် ဘုရားဖူးပြည်သူများ စိတ်နှလုံး အေးချမ်းသာယာစွာ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိသည်။



အင်းတော်ကြီးဒေသခံ ဈေးရောင်းပြည်သူ မမေသဉ္ဇာန်က "ပွင့်လင်းရာသီ ရောက်ရှိလာတဲ့အတွက် မနှစ်ကထက်စာရင် ဒီနှစ်က နည်းနည်းပိုလို့ ဘုရားဖူးလာကြတာ များလာပါတယ်။ ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားတဲ့ကာလက ဘုရားဖူးလာတဲ့ ပြည်သူတွေ နည်းပါးခဲ့တယ်။ အခုနှစ်မှာ ကိုဗစ်- ၁၉ ရောဂါ သိသာစွာ လျော့နည်းကျဆင်းလာပြီး ဘုရားဖူးလာရောက်သူများ များပြားလာတယ်။ ကျွန်မအနေနဲ့ ဘုရားဖူးလာမယ့် ပြည်သူတွေကို ပြောချင်တာက အင်းတော်ကြီးဘုရား မရောက်ဖူးသေးတဲ့ ပြည်သူတွေကို လာရောက်ဖူးမြော်စေချင်ပါတယ်။ အင်းတော်ကြီးဘုရားဟာ တန်ခိုးကြီးဘုရားဖြစ်သလို သမိုင်းရာဇဝင်အနေနဲ့ ခံ့ထည်စွာတည်ရှိနေတဲ့ ဘုရားဖြစ်တဲ့အတွက် လာရောက်ဖူးမြော်ကြဖို့ တိုက်တွန်းပါတယ်"ဟု ပြောသည်။

အင်းတော်ကြီးသည် မြန်မာနိုင်ငံ၏ အလှဆုံးနှင့် အကြီးဆုံးရေချိုအိုင်ကြီး တစ်အိုင်ဖြစ်ကာ အင်းကြီးအတွင်း ငှက်မျိုးစုံများ၊ ကမ္ဘာ့အရပ်ရပ်မှ ရာသီအလိုက် အုပ်စုဖွဲ့၍ ဝင်ရောက်လာကြသော ငှက်များနှင့် ဆောင်းခိုရေပျော်ငှက်များ ကျက်စားပျော်မြူးကြပြီး တောင်တန်းများဖြင့် ဝိုင်းရံလျက်ရှိသော အလျား ၁၆ မိုင်နှင့် အနံ ၈ မိုင် ရှိသည့် "မြေကျွံအင်း" အမျိုးအစားဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၅၀ တွင် တည်ရှိသည်။

အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်ရှိ ကြိုးဝိုင်းငါးခုကို အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာအသိအမှတ်ပြုအဖြစ် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရမ်ဆာ ရေဝပ်ဒေသအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသော အင်းကြီးလည်းဖြစ်သည်။

ဖွဲ့သူရအောင်(ပြန်/ဆက်)

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မိတ္ထီလာ နိုဝင်ဘာ ၅**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျေးရွာတစ်ရွာလျှင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာ ၁၆ ရွာကို ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၆၀၀ ဖြင့် မိတ္ထီလာမြို့နယ်တွင် ကျေးရွာ လေးရွာ၊ ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာလေးရွာ၊ မလှိုင်မြို့နယ်တွင် ကျေးရွာလေးရွာနှင့် သာစည်မြို့နယ်တွင် ကျေးရွာလေးရွာ တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ ခရိုင်၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၂၁၃ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။



ယင်းသို့ ကျေးလက်ဒေသများတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ကျေးလက်နေပြည်သူများ ခေါင်းဆောင်မှု တိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကြီးကြပ်ပြီး ကျေးရွာသူ ကျေးရွာသားများ ဦးဆောင်၍ ကျေးရွာ၏ အခြေခံလိုအပ်ချက်ဖြစ်သော ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ ကျေးရွာလျှပ်စစ်မီးရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ နိုဝင်ဘာလဒုတိယပတ်မှစ၍ တနင်္ဂနွေနေ့တိုင်း တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် နိုဝင်ဘာ ၅**
ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို လေ့လာနိုင်ရန် နိုဝင်ဘာလဒုတိယပတ်မှစ၍ တနင်္ဂနွေနေ့တိုင်း တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဖျော်ဖြေရေးအစီအစဉ်များကို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ပြည်ထောင်စုခန်းမမှာပဲ တနင်္ဂနွေနေ့တိုင်း ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်"ဟု တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။ လက်ရှိတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ လာရောက်လည်ပတ်သူဦးရေ ပြန်လည်များပြားလာသဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဆို အကများ၊ ရုပ်သေးနှင့် မျက်လှည့်ပညာရှင်များကို ဖိတ်ခေါ်ကာ ဖျော်ဖြေပေးမည့်အစီအစဉ်များ ပြန်လည်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်ခဲ့ပြီး လက်ရှိတွင် တနင်္ဂနွေနေ့ တစ်ရက်သာဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အာကာလင်း



ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ နန်းမြင့်မျှော်စင်။

# ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာရွေးချယ်

**ခေါင်လန်ဖူး နိုဝင်ဘာ ၅**
ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) စီမံကိန်းကျေးရွာ ရွေးချယ်ခြင်းကို နိုဝင်ဘာ ၁ ရက်က ခေါင်လန်ဖူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

စီမံကိန်းကျေးရွာရွေးချယ်ပွဲတွင် ခေါင်လန်ဖူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဆန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးညီညီက VDP စီမံကိန်းကျေးရွာရွေးချယ်ရမည့် နည်းလမ်းများနှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို ကျေးရွာသုံးရွာနှင့် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ စီမံကိန်းကျေးရွာ ရွေးချယ်ပွဲမှ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ဝခွယ်ကျေးရွာ၊ ရခွီဖူးကျေးရွာနှင့် နမ်ဘူကျေးရွာသုံးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် VDP စီမံကိန်းကျေးရွာ ရွေးချယ်ရမည့်နည်းလမ်းများနှင့် အညီ ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှာ အမှတ်ပေးဇယားအထက်ပိုင်းမှ အသင်းအချင်းချင်း ဆုံတွေ့နေတဲ့ပွဲစဉ်တွေပါဝင်တာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ မန်ယူနဲ့ မန်စီးတီး၊ အဲဗာတန်နဲ့ စပါး၊ ဝက်စ်ဟမ်းနဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# ခံစစ်တည်ငြိမ်တဲ့ မန်စီးတီးကို အနိုင်ရဖို့ မလွယ်တဲ့ မန်ယူ

မန်ယူအသင်းအနေနဲ့ ပွဲစဉ် (၁၀) မှာ စပါးအသင်းကို တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ် အနိုင်ရရှိထားတယ်ဆိုပေမယ့် ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အတ္တလန္တာအသင်းကို နောက်ကလိုက်ကစားပြီး အချိန်ပိုရောက်မှ စီရော်နယ်ဒိုရဲ့ သွင်းဂိုးနဲ့ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့တာ ဖြစ်ပါတယ်။ မက်ဂွိုင်းယားဦးဆောင်တဲ့ မန်ယူခံစစ်ဟာ လက်ရှိအချိန်အထိ အမှားများနေဆဲဖြစ်ပြီး ပွဲတိုင်းနီးပါးသွင်းဂိုးတွေ ခွင့်ပြုပေးထားရတာကို တွေ့ရတယ်။ မန်စီးတီးအသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ချယ်ဆီးအသင်းပြီးရင် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။

### အနိုင်ရရှိဖို့ လိုအပ်

မန်စီးတီးအနေနဲ့ကာရာဘောင်ဖလားပြိုင်ပွဲမှာ ဝက်စ်ဟမ်းကို ပယ်နယ်တီမှာ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသလို ပွဲစဉ် (၁၀) မှာလည်း ပဲလေ့စ်အသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ထားပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ကလပ်ဘရုဂ်ကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ မည်သို့ပင်ဆိုစေ မန်စီးတီးအသင်းအနေနဲ့ ဦးဆောင်သူ ချယ်ဆီးကိုထက်ကြပ်မကွာဖိအားပေးနိုင်ဖို့ ယခုပွဲစဉ်ကို မဖြစ်မနေ အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ ထိုနည်းတူ မန်ယူအသင်းကလည်း ရမှတ်အပြည့်ရရှိရေး အားစိုက်ကစားလာမှာဖြစ်တာကြောင့် ယခုပွဲစဉ်က ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ။

### ခံစစ်အမှားများနေဆဲဖြစ်

ဒီနှစ်သင်းကြား ရမှတ်ကွာဟမှုကလည်း သုံးမှတ်သာရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ စီရော်နယ်ဒို၊ ကာဗာနီ၊ ရက်ဖို့ဒ်ဂိုးသွင်းခြေပြန်ရလာတယ်ဆိုပေမယ့် ခံစစ်က အမှားများနေဆဲဖြစ်တာကြောင့် နည်းပြဆိုးလ်ရှားအနေနဲ့ ခံစစ်ကို အဓိကထားပြင်ဆင်လာမလား စိတ်ဝင်စားဖွယ်ရာပါ။ ဒီနှစ်သင်းနောက်ဆုံးအကြိမ်တွေ့ဆုံမှုမှာ မန်ယူအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိထားပါတယ်။

## မန်ယူ VS မန်စီးတီး

6–11–2021 | Premier League | Game Week–11 | KO 19:00

**မန်ယူ၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| မန်ယူ | ၀ - ၅ | လီဗာပူး |
| စပါး | ၀ - ၃ | မန်ယူ |
| အတ္တလန္တာ | ၂ - ၂ | မန်ယူ |

**မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၀ - ၀ | မန်စီးတီး |
| မန်စီးတီး | ၀ - ၂ | ခရစ္စတယ်ပဲလေ့စ် |
| မန်စီးတီး | ၄ - ၁ | ကလပ်ဘရုဂ် |

**မန်ယူနဲ့ မန်စီးတီးအသင်းတို့ နောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၀ - ၂ | မန်ယူ | ပရီမီယာလိဂ် | ၀၇-၀၃-၂၁ |
| မန်ယူ | ၀ - ၂ | မန်စီးတီး | လိဂ်ဖလား | ၀၇-၀၁-၂၁ |
| မန်ယူ | ၀ - ၀ | မန်စီးတီး | ပရီမီယာလိဂ် | ၁၃-၁၂-၂၀ |

## အဲဗာတန် VS စပါး

7–11–2021 | Game Week–11 | KO 20:30

နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ထားတဲ့ အဲဗာတန်အနေနဲ့ နည်းပြသစ် ကွန်တီရဲ့ စပါးကို အနိုင်ရရှိဖို့ခက်ပါလိမ့်မယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ စပါးက တစ်မှတ်အသာနဲ့ အဲဗာတန်အထက်မှာ ရပ်တည်နေပါတယ်။ မည်သို့ပင်ဆိုစေ ယခုပွဲစဉ်ဟာ စပါးနည်းပြသစ် ကွန်တီရဲ့ ဒုတိယမြောက်ကိုင်တွယ်မယ့်ပွဲစဉ်ဖြစ်တာကြောင့် အနိုင်ရရှိရေး အသေအချာပြင်ဆင်လာမှာပါ။ အဲဗာတန်ကလည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်ဖို့ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိပါတယ်။ ဒါကြောင့် နည်းပြသစ် ကွန်တီကိုင်တွယ်မယ့် ဒုတိယမြောက်ပွဲမှာ နိုင်ပွဲဖော်ဆောင်နိုင်မလား၊ အဲဗာတန်က ရှုံးပွဲဆက်နေမှုကို ရပ်တန့်သွားနိုင်မလား။

**အဲဗာတန်၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| အဲဗာတန် | ၀ - ၁ | ဝက်စ်ဟမ်း |
| အဲဗာတန် | ၂ - ၅ | ဝက်ဖို့ဒ် |
| ဝုဖ် | ၂ - ၁ | အဲဗာတန် |

**စပါး၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ဘန်လေ | ၀ - ၁ | စပါး |
| စပါး | ၀ - ၃ | မန်ယူ |
| စပါး | ၃ - ၂ | ဗစ်တပ်စ် |

## ဝက်စ်ဟမ်း VS လီဗာပူး

7–11–2021 | Game Week–11 | KO 23:00

**ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၀ - ၀ | မန်စီးတီး |
| ဗီလာ | ၁ - ၄ | ဝက်စ်ဟမ်း |
| ဂျန့်ခ် | ၂ - ၂ | ဝက်စ်ဟမ်း |

**လီဗာပူး၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ပရက်စ်တန် | ၀ - ၂ | လီဗာပူး |
| လီဗာပူး | ၂ - ၂ | ဘရိုက်တန် |
| လီဗာပူး | ၂ - ၀ | အေတီမက် |

ခြေစွမ်းထက်မြက်နေတဲ့ အသင်းနှစ်သင်းဆုံတွေ့နေတာကြောင့် ကြည့်ရှုသူပရိသတ်အကြိုက်တွေ့စေမှာပါ။ ယခုနှစ်ရာသီ နည်းပြမိုယက်စ်ရဲ့ ဝက်စ်ဟမ်းဟာ ပုံစံကောင်းရရှိနေပြီး ကာရာဘောင်ဖလားပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်ရောက်ထားသလို ယူရိုပါလိဂ်ပြိုင်ပွဲမှာလည်း အုပ်စုပွဲစဉ်များမပြီးဆုံးမီ နောက်တစ်ဆင့်ကိုတက်လှမ်းထားနိုင်ပါတယ်။ လီဗာပူးအသင်းက ယခုနှစ်ရာသီ ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပါဘူး။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ နောက်ဆုံးနှစ်ကြိမ်မှာ လီဗာပူးအသင်းက အသာရထားပြီး နှစ်ကြိမ်စလုံး အနိုင်ရရှိထားပါတယ်။ ဒါကြောင့် ယခုပွဲစဉ်မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲဆိုသည်ကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ဂျန့်ခ်ကို သရေကျခဲ့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည့် ဝက်စ်ဟမ်း

ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းတို့၏ ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၄) ကို နိုဝင်ဘာ ၅ရက် နံနက်ပိုင်းက ဂျန့်ခ်အိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော်လည်း မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းသည် လေးပွဲကစားပြီး ရမှတ် ၁၀ မှတ်ဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယခုပွဲစဉ်သည် ဝက်စ်ဟမ်းနည်းပြ မိုယက်စ်၏ နည်းပြဘဝ ပွဲ ၁၀၀၀ ပြည့်မြောက်သည့်ပွဲစဉ်ဖြစ်ပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်း ဖြစ်သည်။ ယခုပွဲစဉ်တွင် ဂျန့်ခ်အသင်းကို သရေကျခဲ့သော်လည်း ၁၉၈၀-၁၉၈၁ ခုနှစ်နောက်ပိုင်း ဝက်စ်ဟမ်းအသင်းကို ပထမဆုံးအကြိမ် ဥရောပပြိုင်ပွဲ ၁၆ သင်းအဆင့်သို့ မိုယက်စ်အနေဖြင့် ပို့ဆောင်နိုင်ခဲ့သည်။

ယနေ့ပွဲစဉ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၅ မိနစ်တွင် ဂျန့်ခ်အသင်းမှ ပိန့်ဆီးလ်က သွင်းယူနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းမှ ဘင်ရာမာက ပွဲချိန် ၅၉ မိနစ်နှင့် ၈၂ မိနစ်တွင် တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်ပြီးခါနီးတွင် ဝက်စ်ဟမ်းအသင်းမှ ဆော့ဆက် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ခြင်းဖြစ်သည်။



# အိမ်ကွင်းမှာ ရမှတ်အပြည့်ရယူမည့် အေစီမီလန်ကို အင်တာမီလန်အသင်း ဟန့်တားနိုင်မလား

## အေစီမီလန် VS အင်တာမီလန်

8–11–2021 | Game Week–12 | KO 02:15

အီတလီစီးရီးအေပွဲစဉ် (၁၂) ၏ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် အေစီမီလန်နှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၈ ရက် နံနက် ၂ နာရီ ၁၅မိနစ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

အေစီမီလန်နှင့် အင်တာမီလန်တို့ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုတွင် အင်တာမီလန်အသင်းက နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။ ထို့အပြင် အင်တာမီလန်အသင်းသည် နောက်ဆုံးသုံးပွဲဆက် ဂိုးပြတ်နိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းအတက်ဘက်ရောက်နေသည်။ အေစီမီလန်အသင်းကလည်း ယခုနှစ်ရာသီ စီးရီးအေတွင် ပုံစံကောင်းရရှိနေသည့်အသင်းဖြစ်ပြီး စီးရီးအေ ၁၁ ပွဲတွင် ၁၀ ပွဲအထိ အနိုင်ရရှိထားသည်။ နှစ်သင်းကြား ရမှတ်ကွာဟမှု ခုနစ်မှတ်အထိ ရှိထားသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းပြသထားနိုင်သည့်အသင်းနှစ်သင်း တွေ့ဆုံနေသည့်အတွက် အကြိတ်အနယ်ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အသင်း အနိုင်ရရှိသွားမလဲဆိုသည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

## နောက်ဆုံးရသတင်းတိုများ

- အက်သလက်တီကို မက်ဒရစ်သည် လာမည့်နွေရာသီတွင် အင်တာမီလန်နှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခရိုအေးရှား ကွင်းလယ်ကစားသမား ဘရိုဇိုဗစ် (၂၈နှစ်) ကို ကမ်းလှမ်းသွားရန် စီစဉ်နေသည်။
- ရိုးမားနည်းပြ မော်ရင်ဟိုသည် အပြောင်းအရွှေ့ကာလတွင် ချယ်ဆီးမှ လော့ဖ်တပ်ချိခ်နှင့် စပါးမှ ဟယ်ရီဝင့်တို့ကို ခေါ်ယူရန် ချိန်ရွယ်နေသည်။
- ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အယ်လ်ဘေးနီးယား၊ ဆန်မာရီနိုတို့နှင့်ပွဲစဉ်အတွက် အင်္ဂလန်ကစားသမားစာရင်းတွင် ရက်ဖို့ဒ်နှင့် ဘဲလင်ဂမ်တို့ကို ရွေးချယ်ခဲ့သော်လည်း ရက်ဖို့ဒ်၏ အသင်းဖော်များဖြစ်သည့် ဆန်ချိုနှင့် လင်ဂတ်တို့ ချန်လှပ်ခံခဲ့ရသည်။

■ မိုးဇက် - စုစည်းသည်

## လာဇီယို၏ သွင်းဂိုးအများဆုံးကစားသမား ဖြစ်လာသည့် အင်မိုဘိုင်း



အင်မိုဘိုင်းသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ယူရိုပါလိဂ် အုပ်စုပွဲစဉ် (၄) အဖြစ် မာဆေးလ်နှင့် လာဇီယိုအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သောပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဂိုး ၁၆၀ ဖြင့် လာဇီယိုအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမား ဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်မိုဘိုင်းသည် လာဇီယိုအသင်းအတွက် ပွဲချိန် ၄၉ မိနစ်၌ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိ အင်မိုဘိုင်းသည် ယခင် ဂိုးအများဆုံးသွင်းယူထားသော ပီအိုလာ၏ ၁၅၉ ဂိုးကို ကျော်ဖြတ်ကာ ဂိုး ၁၆၀ ဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာခဲ့ခြင်း ဖြစ်သည်။

၎င်းသည် လာဇီယိုအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၃၃ ပွဲတွင် ဂိုး ၁၆၀ သွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၄၄ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သည်။ လာဇီယိုအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားပြီး ရမှတ် ငါးမှတ်ဖြင့် အုပ်စု(E) ၌ ဒုတိယနေရာတွင် ရပ်တည်နေသည်။

**အောင်ဇော်**

## ဩစတြေးလျခရစ်ကက်အသင်း အာဖဂန်နစ္စတန်နှင့် ပထမဦးဆုံးလက်ရည်စစ်ပွဲကို ရွှေ့ဆိုင်း

ဩစတြေးလျခရစ်ကက်အသင်းအဖွဲ့သည် ၎င်းတို့၏အမျိုးသားအသင်းတွင် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပထမဦးဆုံးလက်ရည်စစ်ပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည်။ နိုဝင်ဘာ ၅ ရက်တွင် လက်ရည်စစ်ပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီးများ အားကစားလုပ်ခြင်းကို ပိတ်ပင်ထားသည့် တာလီဘန်များ အုပ်ချုပ်နေသည့် အာဖဂန်နစ္စတန်တွင် ကြောက်ရွံ့မှုများ ကြီးစိုးနေသည်။ သက်ဆိုင်ရာကာယကံရှင်များနှင့်တိုင်ပင်ပြီးနောက် ဟိုဘတ်မြို့တွင် ကျင်းပမည့် အမျိုးသား လက်ရည်စစ်ပွဲကို စီစဉ်ထားသည့်အတိုင်း ကျင်းပနိုင်ခြင်းမရှိတော့ကြောင်း ဩစတြေးလျခရစ်ကက်အဖွဲ့ချုပ်က ပြောသည်။ အာဖဂန်နစ္စတန်ကို တာလီဘန်များ ထိန်းချုပ်ပြီးနောက် အမျိုးသမီးများကို ခရစ်ကက်အပါအဝင် အခြားသော အားကစားများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းကို ပိတ်ပင်ခဲ့သည်။ အာဖဂန်နစ္စတန်အမျိုးသား အသင်းသည် T-20 ကမ္ဘာ့ဖလားအသင်းတွင် ပါဝင်ယှဉ်ပြိုင်လျက် ရှိသည်။ သို့သော်လည်း နယူးဇီလန်တွင်ကျင်းပမည့် အမျိုးသမီး ကမ္ဘာ့ ဖလားပွဲတွင် တာလီဘန်တို့က အာဖဂန်အမျိုးသမီးအသင်းကိုပိတ်ပင်မှုများ ဆက်လက်ပြုလုပ်ထားပါက အမျိုးသားအသင်းသည်လည်း အပြည်ပြည်ဆိုင်ရာပြိုင်ပွဲတွင် ပိတ်ပင်ခံရမည့်အရေးနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု သတိပေးထားသည်။



## တရုတ်ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ကိုဗစ်-၁၉ကာကွယ်ရေးအတွက် နယ်စပ်ထိန်းချုပ်ရေးလုပ်ငန်းများကိုအရှိန်တိုးမြှင့်သွားမည်

တရုတ်အမျိုးသား လူဝင်မှုကြီးကြပ်ရေးစီမံခန့်ခွဲရေး (အင်န်အိုင်အေ) သည် ၂၀၂၂ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲအတွက် နိုင်ငံအတွင်းဝင်ထွက်ကြမည့် ခရီးသည်များကို ကိုဗစ် -၁၉ ကာကွယ်ရေးလှုပ်ရှားမှုများပြုလုပ်သွားမည်ဟု သိရသည်။ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲသို့ လာရောက်မည့်ပုဂ္ဂိုလ်များအတွက် ဆေးစစ်မှုရေးယာသီးသန့်ထားရှိခြင်း ရှိ မရှိ၊ ထွက်ပေါက်များတွင် တင်းကျပ်သည့်ကပ်ရောဂါကာကွယ်ရေး စည်းမျဉ်းများ ချမှတ်ထားခြင်းရှိမရှိကို လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များထံမေးမြန်းကြသည်။ အင်န်အိုင်အေသည် ပြည်သူများကို မလိုအပ်ဘဲ နိုင်ငံရပ်ခြားသို့ ခရီးမထွက်ကြရန် တိုက်တွန်းထားသည်။ ရာဇဝတ်မှုများကို နှိမ်နင်းရန်နှင့် ဗိုင်းရပ်စ်ကူးစက်မှုတို့ကို နှိမ်နင်းနိုင်ရေးတို့အတွက် အိမ်နီးချင်းနိုင်ငံများနှင့်အတူ ပူးပေါင်းကာ နယ်စပ်ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဟုလည်း ကတိပြုခဲ့သည်။

**အောင် - ရေးသားသည်**

## ကိုဗစ်-၁၉ကြောင့် ရပ်ဆိုင်းထားရသော နယူးယောက်မာရသွန်ပြိုင်ပွဲကြီး ပြန်လည်ကျင်းပမည်

အားကစားရုံတွေမှာ ပရိသတ်တွေအပြည့်နဲ့အတူ ဘရော့ဝေးကဇာတ်ရုံရဲ့ တောက်ပတဲ့အလင်းတန်းတို့ နောက်တစ်ခါ ပြန်လည်ထိန်ထိန်ညီးလာပြီးနောက် Big Apple လို့တင်စားခေါ်ဝေါ်တဲ့ နယူးယောက်စီးတီးရဲ့ ကိုဗစ်-၁၉ ကြောင့် ရပ်ဆိုင်းထားရတဲ့ အကြိမ်(၅၀)မြောက် မာရသွန်ပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ပြန်လည်ဆင်နွှဲကျင်းပတော့မှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်က မာရသွန်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းလိုက်ရပါတယ်။ ဒီနှစ်မာရသွန်ပြိုင်ပွဲကို ကျန်းမာရေးနှင့် လုံခြုံရေးလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကျင်းပသွားမှာဖြစ်တဲ့အတွက် ပြိုင်ပွဲဝင်တွေအနေနဲ့ ပုံမှန်ဘဝကို ပြန်လည်ရောက်နေသလို မြင်တွေ့ရမှာဖြစ်ပါတယ်။

ပြိုင်ပွဲစီစဉ်သူများက ပြိုင်ပွဲဝင်မယ့်သူတွေကို ၃၃၀၀၀ အထိသာကန့်သတ်ထားတယ်လို့ သိရပါတယ်။ ၂၀၁၉ ခုနှစ်တုန်းကတော့ အကြမ်းဖျင်းအနေနဲ့ ၅၃၀၀၀ နီးပါး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

တခြားဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များအပြင် ပန်းဝင်သူတွေဟာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမှာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး စင်မြင့်ကြီးတစ်ခုလိုပါပဲလို့ ဖေဖော်ဝါရီလမှာ အပြေးညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံထားရတဲ့ တက်ဒ် မီတယ်လက်စ်က ပြောပါတယ်။

ပြိုင်ပွဲဝင်မယ့်သူတွေအနေနဲ့ ပြိုင်ပွဲမဝင်ခင် ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြောင်းအထောက်အထား သို့မဟုတ် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထား ပြသရမှာဖြစ်ပါတယ်။

နယူးယောက်မာရသွန်ပြိုင်ပွဲကြီးကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၇ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပထမဆုအနေနဲ့ အမေရိကန်ဒေါ်လာ တစ်သိန်း ချီးမြှင့်သွားမယ်လို့ သိရပါတယ်။



ယခင် ကျင်းပခဲ့သည့်နယူးယောက် မာရသွန်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲနေသူများကို တွေ့ရစဉ်။

## မိမိတို့ပရိသတ် မိမိတို့တာဝန်သာဖြစ်ကြောင်း ဂျာမန်ဘောလုံးအဖွဲ့ချုပ်ပြောကြား

ပြိုင်ပွဲများအတွင်း မိမိပရိသတ်များရဲ့ မလျော်ကန်တဲ့အပြုအမူများအတွက် ဂျာမန်ဘောလုံးကလပ်များကို ဒဏ်ရိုက်သွားမှာ ဖြစ်ကြောင်း ဂျာမန်ဖက်ဒရယ်တရားရုံး (ဘီဂျီအိတ်ချ်) က စီရင်ထုံးတစ်ခုမှာ အတည်ပြုဖော်ပြခဲ့ပါတယ်။

အမျိုးသားဘောလုံးအုပ်ချုပ်ရေးအဖွဲ့ဖြစ်တဲ့ ဂျာမန်ဘောလုံးအဖွဲ့ချုပ်ရဲ့ ကလပ်အသင်းတွေကို မိမိတို့ပရိသတ်ရဲ့ အပြုအမူတွေအတွက် မိမိတို့တွင်သာတာဝန်ရှိကြောင်းနဲ့ မိမိတို့ကလပ်အသင်းတွေသာ တာဝန်ယူရမှာဖြစ်ကြောင်း ပြောကြားလိုက်တဲ့အပေါ် ဂျာမနီအဆင့်မြင့်ဆုံးတရားရုံးအနေနဲ့ ဘီဂျီအိတ်ချ်က အတည်ပြုခဲ့ပါတယ်။

ဘီဂျီအိတ်ချ်ရဲ့အဆိုအရ အခုလို အရေးယူမှုများဟာ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များသာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိ ဂျာမန်ဘောလုံးအဖွဲ့ချုပ်ဟာ တရားရေးစနစ်ရဲ့ မည်သည့်အခြေခံဥပဒေကိုမှ ချိုးဖောက်ထားခြင်းမရှိကြောင်း သိရပါတယ်။



ဂျပန်စကိတ်အားကစားသမား ယူဇူရူဟန်ယု

## ခြေချင်းဝတ်ဒဏ်ရာကြောင့် ၂၀၂၂ အိုလံပစ်ပြိုင်ပွဲကို လွဲချော်ရဦးမယ့် ဂျပန်စကိတ်အားကစားသမား

ဂျပန်နိုင်ငံရဲ့ အလှစီးစကိတ်အားကစားသမား ယူဇူရူဟန်ယုဟာ ခြေချင်းဝတ်ဒဏ်ရာကြောင့် အိုလံပစ်ပြိုင်ပွဲမှ နှုတ်ဆက်ခဲ့ရပါတယ်။

ဂျပန်နိုင်ငံ စကိတ်အဖွဲ့ချုပ်က အသက် ၂၆ နှစ်ရှိ ဟန်ယုဟာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တဲ့အတွက်ကြောင့် No. 12–14 NHK Cup ကို လက်လွှတ်ခဲ့ရပါတယ်လို့ ပြောခဲ့ပါတယ်။

၂၀၂၂ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီမှာ ၄ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ အခုလို ဒဏ်ရာရရှိခဲ့တဲ့အတွက် မိမိအနေနဲ့ အလွန်ကို စိတ်ပျက်မိကြောင်း ဟန်ယုက ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ပြိုင်ပွဲတွေကို ပြန်လည်ယှဉ်ပြိုင်နိုင်အောင် မိမိအနေနဲ့ ရက်တိုတိုနဲ့ အကောင်းဆုံးပြန်ကောင်းလာအောင် လုပ်ဆောင်သွားမယ်လို့ သူက ပြောပါတယ်။ ဟန်ယုဟာ ၂၀၁၄ ဆိုချီမှာတုန်းက အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ထို့အတူ ၂၀၁၈ ပြုန်းချမ်းအားကစားပြိုင်ပွဲတုန်းကလည်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပါသေးတယ်။

သို့သော်လည်း အမြန်ဆုံး သက်သာလာပြီး နှစ်ပေါင်း ၆၆ နှစ်အတွင်း စကိတ်လောကမှာ နံပါတ်တစ်ဖြစ်ဖို့ အိပ်မက်ကို အရယူဦးမယ်လို့ ပြောပါတယ်။

**လင်းခေတ်ဆန် - စုစည်းသည်**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၄၉
## ကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေ ၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်သူဇာလွင် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ (၂)လမ်း၊ အမှတ် (R-4)နေ ဒေါ်သူဇာလွင်က ကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေ၏ ညီမတစ်ဝမ်းကွဲ တော်စပ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အောင်ချမ်းသာ (၂)လမ်း၊ အမှတ် (R-4)နေ ၎င်းကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်သူဇာလွင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်စာရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးလင်းအောင်)
ဒုတိယခရိုင်တရားသူကြီး (၁၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9288 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၆၅-က)၊ မင်းကြီးအကွက်၊ ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ဝ.ဒသမ၁၆၉ ဧကရှိ မြို့မြေ (B) သည် ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ထောင်ကုန်းလမ်း၊ အိမ်အမှတ် (၃၆)နေ ဒေါ်မယ်ဒါမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာနမှူး**
**ပုသိမ်မြို့**

# ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်း

**ရမ်းဗြဲ နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် ခွင့်ပြုပြီး မြစိမ်းရောင်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာများအား စီမံကိန်းအကြောင်း ရှင်းလင်းခြင်းနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက တောကြားကျေးရွာအုပ်စု ဆေးသမားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ဆေးသမားကျေးရွာ မြစိမ်းရောင်ကျေးရွာ ကော်မတီများကို ရွေးချယ်ကြပြီး မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာကော်မတီများအား ထိန်းသိမ်းရမည့်ငွေစာရင်းပုံစံများ အုပ်စုလိုက်သင်ကြားပေးသည်။

ဆေးသမားကျေးရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ရရှိကာ ကျေးရွာသူ၊ ကျေးရွာသားများမှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ မီးလင်းရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပြီး ကျေးရွာရှိ အိမ်ထောင်စု ၁၂၁ စုတို့မှာ စီမံကိန်း၏ အကျိုးကျေးဇူးများကို ခံစားကြရမည်ဖြစ်ကြောင်း သိရသည်။ **ကိုထွန်း**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက် အောင်ဆန်းလမ်းတွင် မနီလာဝင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၃၆၀၀ သိမ်းဆည်းရမိသည်။ အလားတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်တွင် မသက်ဘဲဖွယ်တွေ့ရှိသူ မင်းမင်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကို လည်းကောင်း၊ ဆက်လက်၍ ညနေ ၄ နာရီခွဲတွင် ၎င်းငှားရမ်းနေထိုင်သည့် အမှတ်(၅)ရပ်ကွက် နေအိမ်တန်းလျား အခန်းအမှတ်(၁၁)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၃၂၅ ပြားကို လည်းကောင်း၊ ထို့နောက် စစ်ဆေးပေါ် ပေါက်ချက်အရ ပူးပေါင်းအဖွဲ့က ညနေ ၅ နာရီတွင် မခက်ခက်အောင် ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၁၂)သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ နှင့် အိုက်စ် ဝ ဒသမ ၀၅ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁၃)ရပ်ကွက်နေ ရွှေမောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ဝ ဒသမ ဝ၄ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၄၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ကျတီကျေးရွာအုပ်စု ချောင်းဆုံကျေးရွာနေ ကျလား၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ ဝဒသမ၂၂၉ဧက၊ မြေကွက်အမှတ် (ဥ-၅၅၈၃)၊ TZTM ကုမ္ပဏီ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်သဇင်မြင့်မြတ် (ဘ)ဦးညာဏ်မြင့် ၁၂/ဥကတ(နိုင်)၁၄၁၆၆၅ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
## မြို့နယ်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၄၂

ဒေါ်ကေသွယ်တင်ထွဋ် (တရားလို) နှင့် ဦးမောင်မောင်တင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် ၁၀၅၂နေ ဦးမောင်မောင်တင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၉ရက် (၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဝဏ္ဏ)
မြို့နယ်တရားသူကြီး
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းအောင် ၁၂/မဂတ(နိုင်)၀၁၅၆၂၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၈၄၊ သန်လျင်မြောက် ကွင်း၊ ဦးပိုင်လုပ်ကွက် အမှတ်(၃၆/က/၁)၊ ဧရိယာ ၂ ဒသမ ၅၂ ဧကရှိ ဒေါ်သင်းသင်းစိုးလွင် အမည်ပေါက်စက်မှု/စီးပွားမြေ ငှားဂရန်မြေကွက်ထဲမှ (ပေ ၄၀x ပေ ၆၀) အကွက်အမှတ်(၁၇) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းစိုးလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါကပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇာခြည်ဝင်း (LL.B, LL.M)** | **ဒေါ်ခင်ဖြူဖွေးသန့်(LL.B)** |
| **(စဉ်- ၈၂၉၁)** | **(စဉ်- ၅၀၄၀၁)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၃၇၊ မြေညီ ၊ ၅၅လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၅၁၃၀၉၇၃၊ ၀၉- ၉၇၄၅၃၃၇၁၂၊ ၀၉-၂၅၀၁၅၀၇၄၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ်(ဥ-၄၃၀)၊ဦးမင်းမင်းဇော်(ဘ)ဦးရွှေ ၉/ပမန(နိုင်)၂၅၄၈၃၃ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာ ပြန်လည် ချထားပေးခြင်းခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးမင်းမင်းဇော် (ဘ)ဦးရွှေ ၉/ပမန(နိုင်)၂၅၄၈၃၃ မှ မြေကွက်နေရာ ပြန်လည်ချထားပေးခြင်း ခွင့်ပြုမိန့် မိတ္တူ မှတ်ပုံတင်မိတ္တူ အိမ်ထောင်စုစာရင်းမိတ္တူ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေကွက်နေရာ ပြန်လည်ချထားပေးခြင်း ခွင့်ပြုမိန့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၃၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်မြေနေရာ ချထားပေးခြင်းခွင့်ပြုမိန့် မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေဧရိယာ ဝဒသမ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ-၂၀၂၈၅)၊ ဒေါ်ဖြူဖြူဇင် ၁၃/ တကန(နိုင်)၀၂၅၆၈၈ (ဘ)ဦးဘရီ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်အိခိုင်မွန် ၉/ပဗသ(နိုင်)၀၁၂၇၆၁ (ဘ)ဦးတင်ဦး မှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲ စာအမှတ် ၅၅၂၉/၂၀၂၁ တင်ပြ၍ ဦးကောင်းထက် ၅/ဝလန(နိုင်)၁၆၁၆၅၇၊ဒေါ်ကောက် ၈/နမန(နိုင်)၁၆၁၇၀၃ နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၁၁-၂၀၂၁)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၉)တွင်ပါရှိသည့် **"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"** ၏ မူလအမည်ပေါက် **ဦးသန်းတင် ၏ မှတ်ပုံတင်အမှတ်အား (BQ-၀၂၇၂၅၁)** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်

လယ်ဝေးမြို့၊ အလက(ခွဲ) ခြောက်မိုင်၊ သတ္တမတန်းမှ မယဉ်မင်းဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁-၂၀၀၈ ဖြစ်ပြီး မိဘ အမည်မှန်မှာ ဦးသိန်းမင်း-ဒေါ်ဥမ္မာဝင်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် (၂ဃ)၊ ဧရိယာ ဝဒသမ ၀၄၉ဧကရှိ ဒေါ်မော်မော်ထွန်း ၊ ဒေါ်သိမ့်သန္တာထွန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၉၉/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာမြင့် (ဘ)ဦးကိုကိုဦး ၉/ပမန(နိုင်) ၁၇၈၇၇၄ မှ ဘိုးဘပိုင်မြေအမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးခြင်း၊ စာအမှတ် ၀၃၄/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၃၈/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးနေလကျော် ၉/ပမန(နိုင်) ၂၃၈၈၄၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၃၀၈)၊ (၄၀×၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား **ဦးမြင့်ဇော်ဦး** အမည်ပေါက် မြေချပါမစ်မူရင်း၊ အဆက်အစပ်စာချုပ်မူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇော်ကိုကိုဦး (၁၂/ဒဂမ(နိုင်) ၀၁၁၃၇၆)**မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊**

## ကန့် ကွက် နိုင် ပါ သည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀၈)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၅၇၈)၊ အကျယ်အဝန်း(အလျား ၄၀ ပေ × အနံ ၆၀ ပေ) ရှိ ဒေါ်လှစိန် အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမွန် (၁၂/မဂတ(နိုင်)၀၆၉၀၆၂)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)**
အမှတ်-(၁၂၈)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊(၁၂)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁၃၁၂၁၉၊ ၀၉ ၉၆၈၉၁၄၉၈၆

## အများသိစေရန်ကြေညာခြင်း

မိုးကုတ်မြို့၊ ရေဦးကြီးရပ်တွင်နေထိုင်သူ ဦးဖာယူ၏ သမီးဖြစ်သူ ဒေါ်မိုးမိုး၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးသည် Social Network တစ်ခုဖြစ်သော Facebook တွင် Hla Hla Moe အမည်ဖြင့် (Account) ဖွင့်လှစ်သုံးစွဲနေသူတစ်ဦးဖြစ်ပါသည်။အဆိုပါ(Account)ဖြင့် ကျွန်ုပ်မိတ်ဆွေတင်ထားသည့် (Post) များ၏ အောက်တွင် မည်သူမဆို ကျွန်ုပ်မိတ်ဆွေထိခိုက်နစ်နာစေရန်၊ အနှောင့်အယှက်ဖြစ်စေရန် အသရေပျက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ (Comments)များ ရေးသားခြင်း၊ ကျွန်ုပ်မိတ်ဆွေကိုင်ဆောင်သည့် ဖုန်းနံပါတ်များသို့ အသေရေပျက်စေသောစကားရပ်များ၊ ခြိမ်းခြောက်သော စကားရပ်စာသားများပါသည့် (Messages)များရေးသားပေးပို့ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ မဟုတ်မမှန်သည့် သတင်း အချက်အလက်များအား ပြုလုပ်ရေးသားဖြန့်ချိခြင်းများကို ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ချောစုငွေး (LL.B)** | **ဦးလပြည့်နိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၁)** |
| **ဖုန်း-၀၉-၄၀၂၅၃၁၆၈၃** | **ဖုန်း-၀၉-၄၄၄၀၀၂၆၅၆** |

**စျ/၃၆၊ မြို့လယ်ရပ်၊ မိုးကုတ်မြို့**

## အမည်ပြောင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ လမ်းမကြီး၊ တိုက်နံပါတ်(၈) အခန်း၊ (၆)နေ ဦးဇော်မင်းအောင် ၁၁/စတန(နိုင်) ၀၄၃၀၆၀၏သား မောင်အောင်ခန့်ဖြိုးအား မောင်ဝေယံအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ဦးစောထွန်းအောင် ၁၁/မဥန (နိုင်) ၀၂၈၉၈၇၏သား၊ မြောက်ဦးမြို့၊ အထက (၂)၊ အဋ္ဌမတန်းမှ ကျော်နိုင်စိုး၏ အမည်မှန်မှာ မျိုးမင်းအောင်ဖြစ်ပါကြောင်း။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းနေရာချထားခြင်းလက်မှတ်အမည်ပေါက်ထံမှ အဆင့်ဆင့် ဝယ်ယူထားသူက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမျိုးဆန်းမြင့် MNT-၀၈၀၀၃၄<br>၁၂/အစန(နိုင်)၀၇၃၅၁၀(မှ)<br>ဦးတင်ကျော်ဝင်း ၁၂/အစန(နိုင်)၀၅၃၉၁၂(မှ)<br>ဦးတင်စိုး ၁၂/ရကန(နိုင်)၀၅၉၄၉၄(မှ)<br>ဒေါ်မေဇင်ဦး ၇/ ပခန(နိုင်)၀၀၅၁၈၃(မှ) | ဒေါ်ထွေးထွေးအောင်<br>၁၂/ဥကတ(နိုင်)၁၅၀၇၃၅ | တိုက်(၈)၊ အခန်းအမှတ်(၂၉)၊<br>ဆောင်းဟေမာန်အိမ်ရာ၊<br>ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)

### မြစ်ကြီးနားမြို့နယ်တရားရုံးတော်

### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၉

မောင်ကျိုရာမွန်နီ တရားလို နှင့် မဟီရာဒေဝီ တရားပြိုင်

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ နယ်မြေ -၂၊ အမှတ် (၂၀၇)နေ မဟီရာဒေဝီ (ယခုနေလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက် (၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက် ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်လွင်ဦး)
မြို့နယ်တရားသူကြီး
မြစ်ကြီးနားမြို့နယ်တရားရုံး

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ရှမ်းကြေးရပ်ကွက်နေ ဦးသန်းစိုး ၇/ရကန(နိုင်)၀၃၉၇၆၇-ဒေါ်ချိုချိုခိုင် ၇/ရကန(နိုင်)၀၃၉၆၄၅တို့၏သမီး မမေဖူးပွင့် ၇/ရကန(နိုင်)၀၈၆၀၀၂သည် မိဘ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းစိုး-ဒေါ်ချိုချိုခိုင်

## အမည်ပြောင်း

ဦးဆန်းညွှန့်အောင်၏ သမီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲစံပြကိုယ်ပိုင်အထက် တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မထက်ရတီအောင်အား မထက်ထွဋ်ညြ ဟု ပြောင်းလဲခေါ်ပါရန်။

မထက်ထွဋ်ညြ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4192 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် ၃၄၊ ညောင်ရမ်းလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးတိုးငွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံ စားခွင့် အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ပေါ်လီအဲန်း ၁၂/အလန(နိုင်)၀၀၈၄၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြမွန် (LL.B,LL.M)
အထက်တန်းရှေ့နေ(စဉ်- ၃၄၆၇၉)
အမှတ်(၆)၊ လေးလွှာ(ယာ)၊ ၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း- ၀၉- ၇၉၅၆၈၃၃၇၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ မြေကွက်အမှတ် (၁၃၂၉)၊ မင်းရဲကောင်းပိုလမ်း၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါ်မြင့်မြင့်ရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်စိုး ၁၂/ဗဟန(နိုင်)၀၃၄၅၃၈ထံမှ ကျွန်ုပ်၏မိတ် ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ် (၆)၊ ၄လွှာ (ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၉၅၆၈၃၃၇၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၁၅၄၀၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမြတ်မွန် ၁၀/မလမ(နိုင်)၂၁၈၀၃၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၅၈၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွေး ၁၀/ခဆန(နိုင်)၀၇၅၄၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၆၀၂၈)၊ ဧရိယာ ၀ဒသမ၁၄၇ကေရှိ ဦးမြင့်ဦး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၆၆၆/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဟန်ထွေး(ဘ)ဦးစိန်ဌေး ၇/ကဝန(နိုင်)၀၀၀၅၆၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးချမ်းမြေ့အေး ၉/အမဇ(နိုင်)၁၁၆၁၈၉နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေး ကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၃၄၂၅၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိချော ၁၀/မလမ(နိုင်)၂၇၇၂၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး
(မော်လမြိုင်မြို့)

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းမကြီး၊ ၆-လွှာ(ဘီ)၊ အမှတ် (၁) တွင်နေထိုင်သော ဒေါ်လွင်လွင်ကို (ဘ)ဦးအေးကို ၁၂/မဂတ(နိုင်)၀၀၉၈၄၁ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံ တင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် ၂၅၇၄/၂၀၂၂(၁၇-၉-၂၀၂၂)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည်ဖော်ပြပါ**Mommyဝတုတ်**အမည်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အဆင်သင့် ချက်ပြုတ်ထားပြီးသော မြန်မာထမင်း၊ ဟင်းများကို အဓိကထား၍ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ၎င်းအပြင် စားသောက်ကုန် အမျိုးမျိုးကိုလည်း ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ထိုသို့ ထုတ်လုပ်ဖြန့်ချိရောင်းချရာ၌ စားသောက်ကုန်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ အဆိုပါ ကုန်အမှတ်တံဆိပ်ကို အရွယ်အစား အမျိုးမျိုး၊ အရောင်အမျိုး မျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ ဖြင့် အသားတံဆိပ်နှိပ်၍ဖြစ်စေ၊ အသင့်ပြုလုပ်ပြီး တံဆိပ်ကပ်နှိပ်၍ဖြစ်စေ၊ အခြားသော ထင်ရှားစေမည့် နည်းလည်းတစ်မျိုးမျိုး ဖြင့် ဖော်ပြ၍ဖြစ်စေ အသုံးပြုနေပါသည်။

၎င်းအပြင် လုပ်ငန်းနှင့်သက်ဆိုင်သော ဆိုင်းဘုတ်နှင့် မီဒီယာကြော်ငြာအမျိုးမျိုးတို့၌လည်းကောင်း၊ စာရွက်စာတမ်းများ၊ ဘလောက်တုံးများ၊ တံဆိပ်တုံးများ၊ လက်ကမ်းစာစောင်များ အစရှိသည်တို့ အပေါ်တွင်လည်း အဆိုပါကုန်အမှတ်တံဆိပ် အမှတ်အသားကိုပင် တစ်နည်းနည်းဖြင့် ဖော်ပြ၍ အသုံးပြုနေပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **Mommy ဝတုတ်** ကုန်အမှတ်တံဆိပ် အမှတ်အသားကို မိမိတစ်ဦးတည်းကမှသာလျှင် ပိုင်ရှင်အဖြစ် သုံးစွဲသွားမည်ဖြစ်ပြီး မိမိမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ငှားရမ်းသုံးစွဲခွင့်ပြုထားခြင်း၊ အသုံးပြုခွင့်ပေးထားခြင်း လုံးဝမရှိပါ။ အကယ်၍ ဖော်ပြပါ **Mommy ဝတုတ်** ကုန်အမှတ်တံဆိပ် အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်ထားခြင်းမျိုး တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မေသိင်္ဂီလှိုင်(LL.B) | ဦးလှိုင်ဘွား(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁၅၇၃၄ | စဉ်-၈၁၃၀ |
| ဖုန်း-၀၉-၇၉၆၈၃၄၇၃၄ | ဖုန်း-၀၉-၈၅၅၂၀၄ |

အမှတ် ၄၇၅၊ ပထမထပ်(ယာ)၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## တူ/သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ဆွာမြောက်ပိုင်း၊ အမှတ် (၁)ရပ်ကွက်နေ ဦးကုလား၏သမီး ဒေါ်စောရီ ၇/ရတရ(နိုင်)၀၂၂၃၆၇ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောရီမှာ အမွေစားအမွေခံ တူ/သားဖြစ်သူ ကိုကျော်စွာဦး ၇/ရတရ(နိုင်)၀၇၅၆၉၁ သည် အုပ်ထိန်းသူအဒေါ်ဖြစ်သော ကျွန်ုပ်မိတ်ဆွေ ဒေါ်စောရီ၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ စိတ်ပြိုငြင်စေရန် ပြုလုပ်ခြင်း၊ နေအိမ်မှ လွှန်ခဲ့သော ကိုးလခန့်ကတည်းက ၎င်း၏သဘောဆန္ဒအရ ထွက်ခွာသွားပြီး အုပ်ထိန်းသူ အဒေါ်၏ သဘောမတူသည့် ကိစ္စများ ပြုလုပ်နေသည့်အတွက် တူ/သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့် ကိစ္စရပ်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စုံစမ်းမေးမြန်းခြင်း မပြုလုပ်ပါရန် ကိုကျော်စွာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| ဒေါ်စောရီ | ဒေါ်စောရီ၏ လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ၇/ရတရ(နိုင်)၀၂၂၃၆၇ | ဒေါ်ဥမ္မာဦး | ဦးဇော်ထက်အောင် |
| | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | စဉ်-၉၁၈၈/၂၀၁၃ | စဉ်-၅၀၃၁၅/၂၀၁၈ |
| | (၇)ရပ်ကွက်၊ ဆွာမြို့ | ရှမ်းရွာရပ်ကွက်၊ ဆွာမြို့ |

## ကိုကျော်စွာဦး ၇/ရတရ(နိုင်)၀၇၅၆၉၁ ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ဆွာမြောက်ပိုင်း၊ ပိတောက်မြိုင်ရပ်ကွက်နေ ဦးခင်မောင်၏သမီး မမူမူမြင့် ၇/ရတရ(နိုင်) ၀၇၇၉၆၀ ကိုင်ဆောင်သူမှ ခင်ပွန်းဖြစ်သူ ကိုကျော်စွာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မမူမူမြင့်၏ခင်ပွန်းဖြစ်သူ ကိုကျော်စွာဦးသည် ဇနီးနှင့် သားနှစ်ဦးတို့အပေါ် လင့်ဝတ္တရား၊ မိဘဝတ္တရား မကျေပွန်သည့်အပြင် အားလုံးအား စွန့်ပစ်ကာ နေအိမ်မှ ၆-၂-၂၀၂၂ရက်တွင် ထွက်ခွာသွားခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်၍ ကိုကျော်စွာဦးနှင့် ကျွန်မသည် လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း၊ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စရပ်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်၍ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စုံစမ်းမေးမြန်းခြင်းမပြုလုပ်ပါရန် ကိုကျော်စွာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| မမူမူမြင့် | | |
|---|---|---|
| ၇/ရတရ(နိုင်)၀၇၇၉၆၀ | မမူမူမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ- | |
| | ဒေါ်ဥမ္မာဦး | ဦးဇော်ထက်အောင် |
| | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | စဉ်-၉၁၈၈/၂၀၁၃ | စဉ်-၅၀၃၁၅/၂၀၁၈ |
| | (၇)ရပ်ကွက်၊ ဆွာမြို့ | ရှမ်းရွာရပ်ကွက်၊ ဆွာမြို့ |

**ပျောက်ဆုံး ကြောင်း**

ကျွန်မ မကေသီမိုး ၁၃/ညရန(နိုင်)၁၃၀၆၅၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၄၇၀၄၈၈၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သန်းစိုး ၁၃/ညရန(နိုင်)၀၈၄၂၇၄၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၄၇၀၄၈၈၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမြင့် ၂/ဒမဆ(နိုင်)၀၄၉၀၆၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၁၄၁၉၄၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4R/3812, Suzuki Carry Da21t, Pickup (4x2)(L) ယာဉ်လက်ဝယ်ရှိသူ Ise Ovo Company Limited က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း
အင်းစိန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ် ၄(ခ)ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၉၂)၊ မြေဧရိယာ ၀ဒသမ ၀၅၉ ကေရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၃၂၁/၁၉၉၇-၁၉၉၈)အရ ဒေါ်စွီးဒီအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူသည် ၂၉-၆-၂၀၀၁ ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးစံကြည်(ခ)ဦးဂွမ်လှိုင်သည် ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း ကွယ်လွန်သွားကြသဖြင့် သားသမီးများဖြစ်ကြသည့်(၁) ဦးအောင်စိုး၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးတင်ရှန်၊ (၂)ဦးအောင်မိုး၊ (၃)ဦးဇော်မင်း၊ (၄) ဒေါ်စီစီဆွေ၊(၅)ဒေါ်မြမြဝင်း တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၅/၂၀၂၀)ဖြင့် ဦးထိုက်ကိုကိုဇော်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးထိုက်ကိုကိုဇော် ၆/ကသန(နိုင်)၀၃၇၃၁၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ်တွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်-၄(ခ)၊ ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(ခ/၁၀၄)၊ မြေဧရိယာ ၀ ဒသမ ၁၀၇ကေရှိ မြေကွက်အား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၅-၁-၂၀၁၅ရက်စွဲပါစာအမှတ် ၁၈၈/၄/၁-၁၂/ဦး ၁ အရ ဦးအောင်စိုး အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးအောင်စိုး ၆/ကသန(နိုင်)၀၃၃၃၂၈၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးထိုက်ကိုကိုဇော် ၆/ကသန(နိုင်)၀၃၇၃၁၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ်တွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ပင်လုံလမ်းနေ ဦးကံညွန့်နှင့် ဒေါ်သန်းသန်းဝင်းတို့၏သမီးဖြစ်သူ မဝင်းပပ ၁၃/တကန(နိုင်)၃၁၇၆၄၁သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိဘတို့ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင်လည်း မဝင်းပပနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မဝင်းပပ၏ ကိစ္စမှန်သမျှသည် မိဘများနှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်း မေးမြန်းခြင်းသည်းခံပါ။)

ဦးကံညွန့်
ပင်လုံလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၂၃၈)၊ တဖက္ကာကွင်း၊ မြေကွက်အမှတ် ၁၅၈၊ မြေဧရိယာ ၀ဒသမ ၀၅၅ ကေရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၂၀၃/၂၀၀၀-၂၀၀၁)အရ ဒုဗိုလ်မှူးကြီးမြင့်ထွန်း အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးတင်ရှန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၇/၂၀၁၅)ဖြင့် ဦးအောင်စိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအောင်စိုး ၆/ကသန(နိုင်)၀၃၃၃၂၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ်တွော်အရာရှိ ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ပါရမီလမ်းသွယ်(၂)၊ အိမ်အမှတ်(၇-ဘီ)နေ ဒေါ်နန်းခမ်းအေး ၁၃/သနန(နိုင်)၀၀၆၄၉၉ ၏ သမီးဖြစ်သူ နန်းယုယုသစ္စာမွန် ၁၃/လရန(နိုင်)၁၄၃၄၂ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် - ဒေါ်နန်းခမ်းအေး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉၈၊ မြေကွက်အမှတ်-(၆/က) ၏အစိတ်အပိုင်း အလျား× အနံ(၆၀'× ၅၀')ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ခြံအမှတ်(ဂ/၁၁)၊ သီရိမင်္ဂလာလမ်းသွယ်(၁၆)လမ်း ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော (၁)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိထားစီမံခန့်ခွဲပိုင်ဆိုင်သူများဖြစ်ကြသည့် ၁။ဦးဖြိုးစည်သူ (၁၂/ဗဟန(နိုင်)၀၈၈၉၃၄) ၂။ဒေါ်နှင်းဖြူဝင်း(၂/လကန(နိုင်)၀၅၄၅၆၀) တို့၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးလင်းစည်သူ(၁၂/ဗဟန(နိုင်)၀၈၈၉၃၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကပေါ
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ ၀ဒသမ၁၁၀ကေရှိ မြေကွက်အမှတ် (ပ-၂၃၈၀၁)၊ ဒေါ်ခင်စောဝင်း ၁၂/ဥကတ(နိုင်) ၀၂၄၅၉၁ (ဘ)ဦးစံလှ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးသူရသိန်း ၁၂/ဗဟန(နိုင်) ၀၇၉၀၂၂ (ဘ)ဦးသိန်းငွေ မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၈၄/၂၀၂၀)တင်ပြ၍ ဦးကျော်အန်နီ ၁၃/တခလ(နိုင်)၀၀၂၂၂၈ ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ် ဆွေးနွေးပွဲကျင်းပ

## PR စနစ်ကို ပြောင်းလဲကျင့်သုံးလာပါက လူမျိုးစုငယ်များအပါအဝင် တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစသည့်ကဏ္ဍများတွင် အချိုးကျပါဝင်လာနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများ ပါဝင်သော ရွေးကောက်ပွဲစနစ် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဥပဒေချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

## (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်

**ဘားအံ နိုဝင်ဘာ ၅**

(၆၆) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ မိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

တွဲဆိုင်းပေါင်း ၃၂ ဆိုင်း ပါဝင်ပြီး နယ်စုံဒေသစုံမှ ကလပ်အသင်းပေါင်းများစွာ ပါဝင်ဆင်နွှဲကြမည့် စိန်ခေါ်ပွဲကြီးလည်းဖြစ်သည်။ အဓိကတွဲဆိုင်းမှာ သွေးသစ်ဝင်းလှိုင် (Family)နှင့် ရွှေခလိန်းမီး(ဘီလပ်မြေစက်ရုံ) တို့ တွဲဆိုင်းဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❖

## နိုဝင်ဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၅၇ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၇၈၃ ဦးရှိ

**(၅-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး *စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## ယနေ့ သတင်းအညွှန်း

**ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများနှင့် ပညာရေး ဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများကျူးလွန်** စာ - ၁၁

**လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀၀ ကျော်မှ ကလေးငယ်၏ ဦးခေါင်းခွံကို တောင်အာဖရိက သုတေသီများ ရှာဖွေတွေ့ရှိ** စာ - ၁၂

**သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ နိုဝင်ဘာလဒုတိယပတ်မှစ၍ တနင်္ဂနွေနေ့တိုင်း တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်မည်** စာ - ၂၀